# ရေးလာတဲ့ပေးစာ



## နမော်နမဲ့၊ တာဝန်မဲ့

**သို့–**

**ဟစ်တိုင် အယ်ဒီတာ**

ဟစ်တိုင်တွင် ဖေါ်ပြထားသည့် တကက မောင်မောင်သိန်း၏ **"နအဖ စစ်တပ်မှာ ဘာလိုနေသလဲ "** ဆိုသည့်စာပိုဒ်တွင် ဖေါ်ပြထားသော အလံဖြင့်ချီတက်နေသည့် လက်နက်ကိုင်တပ်ဖွဲ့ပုံမှာ သျှမ်းပြည်တပ်မတော်တောင်ပိုင်း လွိုင်တိုင်းလျဲန်း၌ြနချုပ် စစ်ရေးပြအခမ်းအနားတခုတွင် ချီတက်နေသော ဓါတ်ပုံဖြစ်ပါသည်။

မိမိတို့အမျိုးသားရေးအတွက် နအဖ စစ်အုပ်စုအားလက်နက်ကိုင်ဆန့်ကျင်တော်လှန်တိုက်ခိုက်နေသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတခု၏ဓါတ်ပုံကို နအဖ တပ်ဖွဲ့ယောင်ယောင်ဖေါ်ပြထားသော"ဟစ်တိုင်"၏အမှားမှာမမှားသင့်သောအမှားဖြစ်ပါသည်။ ပို၍ဆိုးဝါးသည်မှာ ဓါတ်ပုံတွင် သျှမ်းအလံကိုထင်ရှားစွာတွေ့ မြင်ရပြီး မည်သည့်အဖွဲ့အစည်းအလံဆိုသည်ကိုကောင်းစွာအကဲခတ်နိုင်ပါလျက်နှင့် အကဲမခတ်နိုင်သည်မှာ "ဟစ်တိုင်"တာဝန်ရှိသူ၏ မသိဆိုးဝါးအားနည်းချက်သာဖြစ်ပါသည်။ မိမိတို့အမျိုးသားလွတ်မြောက်ရေးအတွက် စစ်အာဏာရှင်စနစ်ကို လက်နက်ကိုင်တိုက်ပွဲဝင်နေသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတခုအား နအဖ လက်နက်ကိုင်တပ်ဖွဲ့အသွင် မဖေါ်ပြပါရန်နှင့် ဤဓါတ်ပုံကို "ဟစ်တိုင်" ဝက်ဆိုက်မှ အမြန်ဆုံးဖယ်ရှားပေးပါရန် တောင်းဆိုအပ်ပါသည်။ ❑

**သျှမ်းပြည်မျိုးချစ်တဦး**

မိတ္တူ– သျှမ်းပြည်လွတ်မြောက်ရေးတပ်မတော် (တောင်ပိုင်း)
တဆင့် သျှမ်းသံတော်ဆင့်သတင်းစာ (ချင်းမိုင်)
(အဆိုပါဓါတ်ပုံကို ဖယ်ရှားပြီးဖြစ်သည်ကိုတွေ့ရသည်) အယ်ဒီတာ

**အယ်ဒီတာသို့–**

ကျနော်တို့ မူဆယ်မြို့မှာ ၁၅၊ ၁၂၊ ဝ၆ ရက်နေ့က ကြံ့ခိုင်ရေးနဲ့ဖွံ့ဖြိုးရေးအသင်း၊ အမျိုးသမီးရေးရာ၊ နိုင်ငံတကာ မူးယစ်ဆေးဝါးနဲ့ရာဇဝတ်မှုဆိုင်ရာရုံး **UNODC** အတွင်းရေးမှူး (၁) တရုတ်လူမျိုး ဦးမြင့်အောင်၊ အတွင်းရေးမှူး (၂) စိုင်းမောင်လှိုင် တို့သုံးဖွဲ့ ပူးပေါင်းပြီး ရန်ကုန်က နာမည်ကြီးအဆိုတော် (၄–၅) ယောက် နဲ့ စင်တင်ဂီတဖျော်ဖြေပွဲလုပ်ကာ ကြံ့ခိုင်ဖွံ့ဖြိုးရေးအသင်းနဲ့ အမျိုးသမီးရေးရာအဖွဲ့ အတွက်ရံပုံငွေရှာဖို့ စီစဉ်ခဲ့ကြပါတယ်။

အဲဒီကိစ္စအတွက် ထိုင်ခုံခ ကြိုတင်လက်မှတ် တစောင်ကို ၄၀၀၀ ၊ ၅၀၀၀၊ ၈၀၀၀ ကျပ်နှုန်းအသီးသီးနဲ့ ရပ်ကွက်တွေထဲဖြန့်ဝေရောင်းခိုင်းတဲ့အခါ **ရယက** ဥက္ကဋ္ဌသစ်တွေကို တာဝန်ယူရောင်းစေခဲ့ပါတယ်။ ဒီတော့ ဟိုမွန်၊ စွန်စော် နဲ့ တော်ယွက် ဥက္ကဋ္ဌ တို့က သူတို့ကို လက်မှတ်မရောင်းမနေရ၊ လက်မှတ်ထိုးပေးဖို့ ပြန်တောင်းဆိုတဲ့အခါ သူတို့က လက်မှတ်မထိုးပေးရဲကြဘူး။ ရပ်ကွက်သားတွေထဲကလဲ ဝယ်သူနည်းပါတယ်။

ခါတိုင်းဆို အဲဒီအဖွဲ့အစည်းတွေဟာ **မအဖ** သြဇာအရှိန်သုံးပြီး အတင်းအဓမ္မ မဝယ်မနေရ လုပ်နေကျမို့လို့ ဒီတခါတော့ ရပ်ကွက်ဥက္ကဋ္ဌသစ်တွေ သူတို့ရဲ့လက်ကိုင်ဒုတ် အစေအပါးမဟုတ်တော့ကြောင်းလက်တွေ့ပြလိုက်လို့ကြိတ်ပြီးချီးကျူးကြပါတယ်။ နောင်ကိုလဲ ပြည်သူတွေဖက်က ရပ်တည်တဲ့၊ ပြည်သူက အားကိုးရတဲ့ ခေါင်းဆောင်ကောင်းတွေ ဖြစ်ပါစေလို့ဆန္ဒပြုရင်း– ❑

**ရွာသားတစ်ဦး**

## ပျောက်ချက်သားကောင်းတဲ့ ISG သျှမ်းပြည် အစိုးရ

***"နိုင်ငံတကာရဲ့ကူညီထောက်ပံ့မှုနဲ့နအဖ စစ်တပ်ကို သျှမ်းပြည်ထဲကနေ (၃) လအတွင်း အပြီးနှင်ထုတ်ပစ်မယ်"*** လို့ပြောခဲ့တဲ့ သျှမ်းပြည်အိမ်စောင့်အစိုးရသစ်အဖွဲ့အပေါ် သျှမ်းပြည်သူတွေဝမ်းပန်းတသာကြိုဆိုထောက်ခံအားပေးယုံကြည်ခဲ့ကြတာပါ။ အဲဒီနောက်ပိုင်း တိတ်ဆိတ်ပြီး ငြိမ်ချက်သားကောင်းနေလိုက်ကြတာ ၂၀၀၆ ခုနှစ်တောင်ကျော်လာပြီ။

သူတို့ပြောခဲ့တဲ့စကားတွေ လေထဲမှာပဲပျောက်ကွယ်သွားပြီလား၊ သျှမ်းပြည်အရေးကို ဘယ်သူက တကယ်တမ်း တာဝန်ယူသွားမလဲဆိုတာ သိခွင့်ရှိရင် သျှမ်းသံတော်ဆင့်မှတဆင့် ပြောပြပေးစေလိုပါတယ်။ ရပ်ကွက် ကျေးရွာဥက္ကဋ္ဌ နဲ့ ရွာသူကြီးအချို့ ညီးညူနေကြပြီ။ ကျနော်တို့ နေ့စဉ်နဲ့အမျှ ရင်ဆိုင်ကြုံတွေ့နေရတဲ့ အခက်အခဲကို ကူညီဖြေရှင်းပေးနိုင်မဲ့ အစိုးရမျိုးကိုပဲလိုလားပါတယ်။ သျှမ်းပြည်အစိုးရသစ်ကိုဘယ်မှာရှာတွေ့နိုင်မလဲဆိုတာသိရင် တဆိတ်လောက် လမ်းညွှန်ပေးပါလားခင်ဗျာ။ ❑

**ကျိုင်းတုံမှ စိုင်းလုံ**

**နိုင်ငံရေး**

# သျှမ်းပြည် ဝါရင့်နိုင်ငံရေးသမားဦးရွှေအုန်း လွတ်လပ်ရေးနေ့ အကြံပြု


ဦးရွှေအုန်း

ဂျန်နဝါရီလ ၄ ရက် ၅၉ နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် အသက်ပေးဆပ်သွားခဲ့ကြသော မျိုးချစ်ခေါင်းဆောင်များအားလုံးကို အမှတ်တရ ဖြစ်စေရုံမက ၄င်းတို့မျှော်မှန်းခဲ့သော လွတ်လပ်သည့် ပြည်ထောင်စု နိုင်ငံပုံစံအတိုင်းဖြစ်မလာခဲ့ခြင်းအပေါ် စိတ်မကောင်းဖြစ်ရကြောင်း၊ သျှမ်းပြည်ဝါရင့်နိုင်ငံရေးသမားတစ်ဦးဖြစ်သူ ဦးရွှေအုန်းက လက်ရှိအုပ်ချုပ်နေ သောစစ်အစိုးရအား ခေတ်မီတိုးတက်သော ပြည်ထောင်စုနိုင်ငံတော် အဖြစ်ပြုပြင်ပြောင်းလဲ နိုင်ရန် မည်သို့လုပ်ဆောင်သွားသင့်ကြောင်း ၄င်း၏အမြင်နှင့် သုံးသပ်ချက်ကို အကြံပြုပြောဆိုခဲ့သည်။

နအဖ စစ်အစိုးရမှ ပြောပြောနေသော " *သမိုင်းတွင် ပြည်ထောင်စုကြီး ရေတိမ်နစ်မည့်အရေးမှ တပ်မတော်က ၂ ကြိမ်တိုင်တိုင် ကယ်တင်ခဲ့ရသည်* "ဆိုသော ခေတ်အဆက်ဆက်ပြောဆိုခဲ့ချက်အပေါ် ဦးရွှေအုန်း ပြန်လည်ချေပထားပုံမှာ–

"*မရှိသေးတဲ့ ပြည်ထောင်စုပြိုကွဲဖို့မဖြစ်နိုင်ပါ၊ မမွေးသေးသောခလေး မသေနိုင်သလိုပါပဲ။ သူတို့ပြောနေတဲ့စကားတွေက မြင်းစီးနေပြီး အထီးမှန်း၊ အမမှန်း မသိသောသူလိုဖြစ်နေပါတယ်*"

"*အနိုင်နိုင်ငံက အုပ်ချုပ်နေကြတဲ့ နိုင်ငံတော်အုပ်ချုပ်ပုံစနစ် ၂ မျိုးရှိပါတယ်။* **Unitary State** *တပြည်ထောင်စနစ် နဲ့* **Federal** *ပြည်ထောင်စုစနစ် ဆိုတာရှိပါတယ်။ ကျနော်တို့နေခဲ့ရတာက တပြည်ထောင်စနစ်ထဲမှာပါ။ ၁၉၇၄ ရဲ့ အခြေခံဥပဒေမှာ ၇ ပြည်နယ်နဲ့ ၇တိုင်းကိုတန်းတူလုပ်ထားပါတယ်။ တကယ်တော့ ပြည်ထောင်စုထဲမပေါင်းခင်ကတည်းက ပြည်နယ်တွေ ကိုယ့်ပြည်ကိုယ့်နယ်နဲ့ နေလာခဲ့ပြီးသား၊ အချုပ်အခြာအာဏာရှိပြီးသားဖြစ်တယ်၊ တိုင်းအဆင့်ဟာ အချုပ်အခြာအာဏာမရှိပါ။ အချုပ်အခြာအာဏာရှိပြီးသားပြည် နယ်တွေကို အချုပ်အခြာအာဏာမရှိတဲ့ တိုင်းတွေနဲ့ ရောမွှေလိုက်ခြင်းဖြစ်တယ်။ ဒါကို "ပြည်ထောင်စု" လို့ခေါ်မယ်ဆိုရင် အတုအယောင်ပြည်ထောင်စုသာဖြစ်ပါလိမ့်မယ်။ နအဖ အဆိုက လူညီရင် "ဤ" ကို "ကျွဲ" လို့တောင်ဖတ်နိုင်တယ်လို့ပြောပါတယ်။ ဒါပေမဲ့ "ကျွဲ" မှ တကယ်ဖြစ်မလာနိုင်တာပဲဗျာ။*"

" *၁၉၄၇ ခုနှစ်ရဲ့ အခြေခံဥပဒေထဲမှာ "ခွဲထွက်လိုက ခွဲထွက်ပိုင်ခွင့်ရှိတယ်" ဆိုတဲ့အချက်ပါတယ်။ စစ်အုပ်စုက ဒီအချက်ကြောင့်ကသိကအောင့်ဖြစ်နေရတယ်။ မထဲ့ချင်ဘူး။ ကျနော့်အမြင်မှာလဲ ထဲ့ဖို့မလိုဘူးလို့မြင်တယ်။ အမှန်မှာတော့ ကမ္ဘာ့သမိုင်းမှာ နိုင်ငံပေါင်းများစွာရဲ့ဥပဒေမှာ ခွဲထွက်ခွင့်ကိစ္စကိုမထဲ့ထားပါဘူး။ အချိန်တန်ရင် ခွဲထွက်လို့ရနေတာဘဲ။ ဒါကြောင့် ခုနောက်ပိုင်းမှာ အခြေခံဥပဒေ ရေးဆွဲဖို့လုပ်နေကြတဲ့ တိုင်းရင်းသားအချို့တွေက ခွဲထွက်ခွင့်ကိစ္စ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေမှာ ထဲ့ချင်နေကြတာရှိတယ်။ အဲဒါအပိုပါပဲ။ အချိန်တန်ရင် ခွဲထွက်လို့ရပါတယ်။ အဲဒီအချက်ကို ထဲ့သွင်းရေးဆွဲရင် နအဖ ကို တမင်သွေးဆွပေးရာရောက်တာပဲဖြစ်မယ်။* "

ပြည်ထောင်စုတည်ဆောက်ရာ၌ အင်အားသုံးပြီး အတင်းဖိနှိပ်ကာ တည်ဆောက်ယူသော ပြည်ထောင်စုမျိုးမဖြစ်စေသင့်ကြောင်း၊ သို့ဖြစ်ပါက ရေရှည်တည်တန့်သောပြည်ထောင်စုစစ်စစ် မဖြစ်နိုင်ပဲ အချိန်မရွေးပြိုကွဲနိုင်ကြောင်း၊ ဆိုဗီယက်နိုင်ငံ နှင့် ယူဂိုဆလားဗီးယားနိုင်ငံကို ဥပမာပြုကာ သင်ခန်းစာယူသင့်ကြောင်း၊ မပြိုကွဲနိုင်သော ပြည်ထောင်စုမျိုး မိမိတို့တည်ဆောက်ရန်–

၁) ပြည်နယ်များ မှ စေတနာအလျောက်ပါဝင်မှု
၂) တန်းတူညီမျှမှု
၃) အာဏာခွဲဝေမှု
၄) စစ်တပ်သည် ပြည်သူများရွေးချယ်တင်မြှောက်သော အရွေးကောက်ခံ အရပ်သားအစိုးရ၏သစ္စာကို စောင့်သိရမည်။ – စသောအချက်များအပေါ် အခြေခံတည်ဆောက်သွားရန် လိုအပ်ကြောင်း ၄င်းကသုံးသပ်ထားသည်။

ဦးရွှေအုန်းသည် ၁၉၂၃ ခုနှစ်တွင်မွေးဖွါးပြီး ၁၉၄၆ ခု အသက် ၂၃ နှစ်အရွယ်၌ Shan People's Freedom League သျှမ်းပြည် ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ် **ရပလ** တွင်နိုင်ငံရေးလှုပ်ရှားမှု၌ စတင်ပါဝင်ခဲ့သည်။ နိုင်ငံရေး၊ သမိုင်းနှင့်ပတ်သက်သော စာပေအမြောက်အများ ရေးသားခဲ့သူလည်းဖြစ်သည်။ ၁၉၉၃ ခုနှစ်က ကျင်းပသော ပထမအကြိမ် အမျိုးသားညီလာခံ၌တင်သွင်းသော ၄င်း၏ "တတိယ ပြည်ထောင်စု မြန်မာနိုင်ငံတော်သို့"ဆိုသည့်စာတမ်းကြောင့် လူသိများထင်ရှားလာခဲ့သည်။ နိုင်ငံရေးတွင်ပါဝင်ပတ်သက်လှုပ်ရှားမှုများကြောင့် အကြိမ်ကြိမ်ထောင်ကျဖူးသူလည်းဖြစ်သည်။ ၂၀၀၅ ခုနှစ် ဖေဖေါ်ဝါရီ ၇ ရက် သျှမ်းပြည်အမျိုးသားနေ့ကျင်းပရာ တောင်ကြီးမြို့၌ သျှမ်းပြည်အတိုင်ပင်ခံကောင်စီ ဖွဲ့စည်းခြင်းတွင်ပါဝင်မှုနှင့် သျှမ်းခေါင်းဆောင်အများအပြား ဖမ်းဆီးခံခဲ့ရစဉ် ဦးရွှေအုန်းသည်လည်း နေအိမ်အကျယ်ချုပ်ဖြင့် တနှစ်အထိန်းသိမ်းခံခဲ့ရသည်။ ထိုသို့အကျယ်ချုပ်ဖြင့်နေအိမ်တွင်းနေရစဉ် **ရပလ** ဥက္ကဋ္ဌဟောင်း ဦးတင်ဇ ၏ ကိုယ်ရေးသမိုင်းအတ္ထုပ္ပတ္တိ **"ဦးတင်ဇ သို့မဟုတ်ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ ဖခင်တစ်ဦး"**ကိုရေးသားခဲ့သည်။ သို့သော် စာပေစီစစ်ရေးမှ ပုံနှိပ်ခွင့်မပြုပဲ ပယ်ချခံခဲ့ရသည် ဟုဆိုသည်။ ❑ 19/ 12/ 06

# နိုဘယ်လ်ဆုရှင် (၂၂) ဦး တောင်းဆိုချက် နှင့် ဦးရွှေအုန်း၏အမြင်

**VOA ဒီဇင်ဘာ (၂၂) ရက်နေ့**

နိုဘယ်လ် ဆုရှင်တွေက အရေးယူဒဏ်ခတ်မှုမပါတဲ့ ဆုံးဖြတ်ချက်မျိုးချပေးဖို့ လုံခြုံရေးကောင်စီ ဆီတောင်းဆိုခဲ့ကြပေမဲ့ မြန်မာနိုင်ငံတွင်းရှိ ထင်ရှားတဲ့သျှမ်းပြည်တိုင်းရင်းသားခေါင်းဆောင် ဦးရွှေအုန်းကတော့ ဒဏ်ခတ်မှုမပါရင် စစ်အစိုးရကိုပန်းနဲ့ပေါက်သလိုဖြစ်နေတယ်လို့ဝေဖန်ပြောဆိုခဲ့ပါတယ်။

*"အပျော့ဆုံး ဆုံးဖြတ်ချက်ချနိုင်ဖို့တောင်မှ သဘောတူညီမှုရမှမရသေးပဲ၊ တခုခုတော့ချလိမ့်မယ်။ ချပြီးရင် ဒီဖက်လာမယ်လို့တော့ထင်တာပဲလေ။ အစိုးရကို ပန်းနဲ့ပေါက်သလိုပဲဖြစ်နေမှာပေါ့ဗျာ။ ဖြစ်စေချင်တာကိုပြောရရင်တော့ အများကြီးပေါ့။ ဖြစ်လာမှာမှ မဟုတ်ပဲနဲ့။ ခုဖြစ်နေတာတော့ တပ်မတော်ဟာ ယာယီအစိုးရပဲ ၊ ဒီဖက်တိုခေါ်တာပေါ့နော်၊ တယောက်မှမဟုတ်ဖူး၊ အခြေခံဥပဒေဆွဲပြီးရင်လဲလာမဲ့အစိုးရက တရားဝင်စစ်အစိုးရဖြစ်သွားမှာပဲ။ ဘောင်းဘီဝတ်အစိုးရကနေ လုံချည်ဝတ်အစိုးရဖြစ်သွားမှာပဲ၊ ဘာမှအကြောင်းထူးမှာမဟုတ်ဘူး။"*

ပင်လုံညီလာခံမှာပါဝင်ခဲ့တဲ့ ဝါရင့်သျှမ်းနိုင်ငံရေး သမားတစ်ဦးဖြစ်သူ ဦးရွှေအုန်းရဲ့ အမြင်ဖြစ်ပါတယ်။ ဒ့ါအပြင် လုံခြုံရေးကောင်စီရဲ့ဆုံးဖြတ်ချက်နဲ့အတူ ငြိမ်းအဖွဲ့တွေအားလုံးကပါ ညောင်နှစ်ပင် ညီလာခံကို ဝိုင်းပြီးသပိတ်မောက်လိုက်မယ်ဆိုရင် အခြေအနေဟာ တမျိုးတဖုံပြောင်းလဲသွားလိမ့်မယ်လို့ ခုလိုတိုက်တွန်းသွားခဲ့ပါတယ်။

*"ငြိမ်းချမ်းရေးအဖွဲ့တွေထဲမှာ ကျနော်သိရသလောက်ကတော့ မွန်ပြည်သစ်ပါတီတစ်ခုပဲ၊ သူကတော့ကျနော်ပြောတဲ့လိုင်းအတိုင်းပဲလေ။ သူကတင်ပြတယ်။ အစိုးရက လက်မခံဘူး။ အဲဒီနောက်ပိုင်း မွန်ပြည်သစ်ပါတီက တက်တော့တက်တယ်။ အဖွဲ့ဝင်အဖြစ်တက်တာမဟုတ်ဖူး၊ လေ့လာသူအဖြစ်ပဲတက်တာ ခုချိန်ထိပဲ၊ အကြောင်းမထူးရင် ထွက်လာရုံပဲလေ၊ ဒါပဲရှိတာပေါ့။ တဖွဲ့ထဲထွက်တာနဲ့နှစ်ဖွဲ့သုံးဖွဲ့ခပ်များများထွက်တာနဲ့တော့ တမျိုးစီတော့ ကွာတာပေါ့ဗျာ၊ များလာလို့ရှိရင်လဲ အစိုးရဖက်က တမျိုးပြန်စဉ်းစားချင်လဲ စဉ်းစားလာမှာပေါ့ဗျာ။"* ❑

# စစ်အာဏာရှင် ညီလာခံ လူထုဆန္ဒနှင့် ပြောင်းပြန်

တောင်တန်းဒေသများတွင် တစ်နေ့တခြား စစ်တပ်များတိုးချဲ့ချထားလာသဖြင့် လူမျိုးစုများကို နှိမ်နင်းရေးအတွက် အချိန်ပြည့်ခြိမ်းခြောက်မှုပြုနေပါသည် ။ တိုင်းရင်းသားအချင်းချင်း တစ်ဦးနှင့်တစ်ဦးအထင်မှား၊ အမြင်မှားဖြစ်အောင် သွေးခွဲခြေထိုးသော ယုတ်မာညစ်ပတ်သည့် နယ်ချဲ့တို့၏အကျင့်အတိုင်း အတုခိုးမှုကို ပြင်းပြင်းထန်ထန် ရှုံ့ချပါသည်။ တိုင်းရင်းသားများကလည်း အာဏာရှင် ပရိယာယ်စက်ကွင်းမှ ကင်းလွတ်ကျော်လွှားနိုင်ရန်၊ ကြိုးစားကြရန် လေးလေးနက်နက်တိုက်တွန်းနှိုးဆော်သတိပေးလိုပါသည်။

ယနေ့တိုင်းရင်းသားများကို သွေးခွဲရာတွင် ညောင်နှစ်ပင်ညီလာခံတွင် ထင်ထင်ရှားရှားမြင်တွေ့နေရပါသည်။ တရားဝင် အစိုးရမဟုတ်ဘဲနှင့် ပြည်နယ်များပေးရေး၊ မြို့နယ်များ ခွဲပေးရေး၊ သူတို့ အလိုကျ သဘောတူလက်ခံသော မည်သည့်အဖွဲ့အစည်းမဆို တိုင်းပြည်ရတနာ အဆီအနှစ်များကို စုပ်ယူရန် လုပ်ပိုင်ခွင့်များပေးရေးတို့ကို တွင်တွင်ကြီးလုပ်ဆောင်နေပါသည်။ စစ်မှန်သောပြည်သူလူထုသဘောဆန္ဒကို စိုးစဉ်းမျှမေးမြန်းယူခြင်းမရှိပဲ ထင်ရာစိုင်းလုပ်ဆောင်နေခြင်းကြောင့် တိုင်းရင်းသားများကြားတွင် ပြည်နယ်သစ်ဖွဲ့စည်းရေး၊ သယံဇာတပစ္စည်းများလုပ်ပိုင်ခွင့်မမျှတမှုတို့သည် တစ်နေ့တခြား ကြီးမားနေပါသည်။ အရင်းရှင်နယ်ချဲ့ဖြိတိသျှတို့၏ သဘောထား စေတနာညစ်ပတ်စုတ်ပဲ့ယုတ်မာပက်စက်ပုံထက်ပို၍ ယနေ့စစ်အာဏာရှင်တို့၏အသွင်သဏ္ဍာန်သဘောထားသည် ထင်ထင်ရှားရှားပေါ်လွင်နေပါသည်။

"တခုတည်းသောနည်းလမ်းမှာ တောင်တန်း၊ ပြည်မဒေသရှိ တိုင်းရင်းသားပေါင်းစုံပါဝင်သော တတိယ ပင်လုံညီလာခံကြီးသာဖြစ်သည်။ သမိုင်းဟောင်းက မကျေလည်ခဲ့သော ပြည်တွင်းရေးပြဿနာများသည် တတိယပင်လုံညီလာခံတွင်သာ သင်ပုန်းချေဖျက်နိုင်မည်ဖြစ်သည်။ ကျွန်ုပ်တို့မျှော်မှန်းရာ တတိယပင်လုံညီလာခံကြီး အတားအဆီးဖြစ်နေသော ညောင်နှစ်ပင်အာဏာရှင် ညီလာခံကို အပြီးမသတ်ခင် အမြန်ဆုံးတိုက်ဖျက်ကြရပေမည်။"

**EYNG ကြေငြာစာတမ်းမှ**

## စစ်ရေး

# SSA-S နှင့် နအဖ တပ် တိုက်ပွဲများစိပ်လာ



Photo : SHAN

ဒီဇင်ဘာ ၂ ရက်နေ့က သျှမ်းပြည်အလယ်ပိုင်း မိုင်းကိုင် အခြေစိုက် နအဖ ခမရ (၅၁၄) စစ်ကြောင်းတစ်ကြောင်းနှင့် သျှမ်းပြည် တပ်မတော်တောင်ပိုင်း **SSA-S** တပ်မဟာ ၁၉၈ တို့တိုက်ပွဲဖြစ် ပွါးခဲ့ကြောင်း **SSA** သတင်းရပ်ကွက်က ဆိုသည်။

မိုင်းခွန်တိုက်နယ် မြောက်ဖက် မိုင် ၃၀ ကျော်အကွာ ကျေးသီး မြို့သို့သွားရာလမ်းရှိ ဟမ်းငိုင်းရွာအနီးတွင် **SSA-S** မှ ဒုဗိုလ်မှူးကြီး ဆန်ဝိ ဦးဆောင်သော တပ်မဟာ ၁၉၈ က နအဖ တပ် ခမရ ၅၁၄ စစ်ကြောင်းအား လမ်းတွင်ချုံခိုစောင့်တိုက်ရာ နအဖစစ်တပ်မှ တပ်ခွဲမှူး (ဗိုလ်မှူးအဆင့်၊ အမည်မသိရသေး) အပါအဝင် ၇ ဦး သေဆုံးပြီး ၁၀ ဦး ဒဏ်ရာရရှိသွားကြောင်း အတည်မပြုနိုင်သေးသောသတင်း များအရ သိရပါသည်။

လွန်ခဲ့သော ဒီဇင်ဘာ ၁ ရက်နေ့က အဆိုပါ မိုင်းကိုင်မြို့နယ် တွင်းရှိ ဝမ်ကျိုင်းကျေးရွာအုပ်စုမှ ဝမ်ကျိုင်း ရွာသား၂၀ ကျော် ထိုင်းနယ်စပ်သို့ ထွက်ပြေးလာကြသည်ဟုသိရသည်။ အကြောင်းရင်း မှာ လွန်ခဲ့သော နိုဝင်ဘာလ (၃) ရက်နေ့က မိုင်းကိုင်အခြေစိုက် ခမရ (၅၁၄)တပ်ရင်းမှူးအမိန့်ဖြင့် သက်ဆိုင်ရာ ကျေးရွာအုပ်စုမှူးများနှင့် ကျေးရွာသူကြီးများကို အစည်းအဝေးဆင့်ခေါ်ပြီးပြောကြားရာ၌ ကျေးရွာတစ်ရွာလျှင် ၄င်းတို့၏ စစ်တပ်မှတပ်သား (၄) ဦးစီချထား လိုကြောင်း၊ ရွာသားများမှ တောတွင်းသူပုန်တပ်အား စားနပ်ရိက္ခာ ထောက်ပံ့ပေးနေမှုကိုတားမြစ်ကြောင်း၊ အကယ်၍ ၄င်းတို့၏ တပ်သား များပျောက်ဆုံးသွားလျှင်သော်လည်းကောင်း၊ သေဆုံးလျှင် သော်လည်း ကောင်း၊ လက်ခံထားသည့်ရွာမှ ရွာသား (၁၀) ယောက်နှင့် လဲလှယ် ရမည်ဖြစ်ကြောင်း ပြင်းထန်သောအမိန့်ချခဲ့သဖြင့် ရွာတွင်ဆက်နေရန် မဝံ့တော့ပဲ ထွက်ပြေးလာရခြင်းဖြစ်သည်ဟု ၄င်းရွာသား ပြောပြ ချက် အရ သိရသည်။

**"စစ်တပ်ရဲ့ အဓိကရည်ရွယ်ချက်ကတော့ SSA တပ်တွေရဲ့ လှုပ်ရှားမှုသတင်းကို မျက်ခြေမပြတ် စောင့်ကြည့်နိုင်ဖို့နဲ့ ကျနော်တို့ ရွာသားတွေရဲ့ သွားရေးလာရေး၊ တောတွင်းက သျှမ်းတပ်တွေကို ထောက်ပံ့နေတာတွေ ထိန်းချုပ်နိုင်အောင်လည်း စောင့်ကြည့်လိုတဲ့ သဘောနဲ့ ခုလို သူတို့တပ်သားတွေကိုရွာထဲမှာ လာချထားချင်တာ ဖြစ်တယ်"**

အဆိုပါထွက်ပြေးလာသူများအနက် ခလေး ၄ယောက် ပါဝင် သော မိသားစုတစ်စုမှာ ထိုင်းနယ်စပ်သို့ရောက်ရန် လမ်းစားရိတ် ကျပ်ငွေ (၁)သန်း ကုန်ကျခဲ့သည်ဟုဆိုသည်။

မိုင်းကိုင်ဒေသတွင် အခြေစိုက်ထားသော နအဖ တပ်ရင်းနှင့် သျှမ်းပြည်တပ်မတော် တောင်ပိုင်း **SSA-S** တို့အကြား မကြာခဏ တိုက်ပွဲများဖြစ်ပွါးလေ့ရှိသဖြင့်ရွာသားများမှာလက်နက်ကိုင်ထားသော စစ်တပ်(၂)ဖက် စလုံးကိုကြောက်ရွံ့နေရသလို အခက်အခဲများ တနေ့ တခြားကြီးထွားလာကာ နေထိုင်ရကျပ်တည်းလွန်းသောကြောင့် နေရပ်ရင်းစွန့်ခွါခဲ့ရခြင်းဖြစ်ကြောင်း ၄င်းရွာသား ကပြောပြခဲ့သည်။ ❑

---

ဒီဇင်ဘာ ၉ ရက် မှ ၁၁ ရက်နေ့အတွင်း ရှမ်းပြည်အရှေ့ပိုင်း ကျိုင်းတုံမြို့နယ်တွင် နယ်စပ်တလျှောက်ထပ်မံအားဖြည့်ထားသော နအဖ စစ်တပ်နှင့် ရှမ်းပြည်တပ်မတော်တောင်ပိုင်း **SSA-S** တို့ သုံး ကြိမ်တိုက်ပွဲဖြစ်ပွားပြီး နအဖဘက်မှ ၃ ယောက်သေဆုံး၊၆ယောက် ဒဏ်ရာရရှိကာ **SSA-S** ဘက်မှ တစ်ဦးကျဆုံးကြောင်း **SSA-S** စစ် ဘက်ဆိုင်ရာသတင်းရပ်ကွက်မှ သိရသည်။

၉၊၁၂၊ ၂၀၀၆ ရက်နေ့ လွယ်ကော်ဝမ်းတပ်စခန်းမှ **SSA-S** အဖွဲ့သည် ကျိုင်းတုံ–တာချီလိတ်ကားလမ်း အရှေ့ဘက်ခြမ်းတွင် ကင်းလှည့်ပြီးအပြန် တာချီလိတ်မြို့မြောက်ဘက် မိုင်းကိုးနှင့် လွယ်နောင်ကန်ကျေးရွာကြားတွင် နအဖစစ်တပ် ခမရ ၅၇၁ စစ်ကြောင်းနှင့် ပက်ပင်းတိုးမိရာ ၁၄း၀၀ နာရီ မှ ၁၅း၀၀ နာရီအထိ အပြင်းအထန် တိုက်ပွဲဖြစ်ပွားခဲ့သည်ဟုသိရသည်။ တိုက်ပွဲတွင် နအဖဘက်မှ စစ်ကြောင်းမှူးအပါအဝင် ၃ ယောက်ထက်မနဲကျဆုံးပြီး ၆ ယောက် ခန့် ထိခိုက်ဒဏ်ရာရသွားသည်ဟု **SSA-S**မှဆိုသော်လည်း တာချီလိတ်ဆေးရုံသို့ ရောက်လာသော ဒဏ်ရာရလူနာ ၁၀ ဦး ကျော် ရှိသည်ဟု ပြင်ပသတင်းများအရသိရသည်။ ၁၂၊၁၂၊၂၀၀၆ နေ့ထုတ် **Bangkok Post** သတင်းက နအဖ စစ်သား ၁၂ ယောက် သေဆုံးပြီး ဒါဇင်ကျော်ဒဏ်ရာရရှိသည်ဟုဖေါ်ပြထားသည်။ သေဆုံးသူစစ် ကြောင်းမှူး မည်သူမည်ဝါ အတိအကျမသိရသေးသော်လည်း အရာရှိကြီးတဦး၏သား ဗိုလ်ကြီး တင်မောင်လင်း အသက် ၂၉ နှစ် ဆိုသူဖြစ်ပုံရကြောင်း တာချီလိတ်သတင်းရပ်ကွက်က ဆိုသည်။

၁၀၊၁၂၊၂၀၀၆ ရက်နေ့ ကျိုင်းတုံမြို့နယ် ဝမ်တပ်ကျေးရွာ အုပ်စု၌ နအဖစစ်တပ် ခမရ ၅၇၃ က **SSA-S** အင်အား ၆ ယောက်ရှိ သောအဖွဲ့အား လမ်းမှစောင့်ပစ်ခတ်ရာ ည ၁၈း၃၀ မှ ည ၁၉း၄၅

နာရီအထိ တစ်နာရီကျော်ကြာ ပစ်ခတ်ကြပြီး SSA-S ဘက်မှ ၁ ဦး ကျဆုံးကာ ၄င်းနှင့်အတူ လက်ပစ်ဗုံးတစ်လုံးနှင့် ကျည်ဆံ ၆၀ တောင့် ပါသွားကြောင်း၊ နအဖ စစ်တပ်ဖက်မှ အကျအဆုံးကို မသိရသေးဟု SSA-S မှဆိုသည်။

၁၁၊ ၁၂၊ ၂၀၀၆ တွင်လည်း ကျိုင်းတုံ–တာချီလိတ်ကားလမ်း ပေါ်ရှိ မိုင်းကိုးကျေးရွာအုပ်စုဝင် လွယ်နောင်ကန်ကျေးရွာ တောင်ဘက်တွင် မနက် ၀၅း၄၀ နာရီမှ ၀၇း၀၀ နာရီအထိ နအဖစစ်တပ်နှင့် SSA-S တပ်ဖွဲ့ထပ်မံတိုက်ပွဲဖြစ်ပွားခဲ့ကြောင်း၊ SSA-S ဖက်မှထိခိုက်မှု မရှိကြောင်း၊ နအဖ ဖက်ထိခိုက်မှု ရှိ–မရှိကို မသိရသေးဟုဆိုသည်။

ယခုလအတွင်း ရှမ်းပြည် လဲချား–မိုင်းကိုင် ဂွင်များတွင်လည်း နေ့စဉ်လိုလို SSA-S နှင့် နအဖ အကြား တိုက်ပွဲများဖြစ်ပွားလျက်ရှိရာ ၂၇၊၁၁၊၂၀၀၆ မှစ၍ နယ်စပ်တလျှောက် တပ်ရင်း ၄ ရင်း( ခလရ ၂၂၁၊ ခမရ– ၅၇၀၊ ၅၇၁၊ ၃၁၆) ထပ်မံဖြည့်တင်းပြီးနောက်ပိုင်း နအဖ စစ်ရေးလှုပ်ရှားမှုအရ ယခုလို ပစ်ခတ်မှုစိပ်လာသည့်အပေါ် တိုက်ပွဲများဆက်လက်ပြင်းထန်လာဖွယ်ရှိသည် ဟုအကဲခတ်သူများက ထင်ကြေးပေးလျက်ရှိသည်။ ❑

## SSA-S ဝန်းရံပိတ်ဆို့ တိုက်ခိုက်ခံရ

ပြီးခဲ့သည့် ဒီဇင်ဘာ၂၉ ရက်နေ့ သျှမ်းပြည်အလယ်ပိုင်း မိုင်းကိုင်မြို့နယ် မိုင်းခွန်တိုက်နယ်ကျေးရွာအုပ်စုတွင်းရှိ ပန်ချူးဝန်မိန်းအနီးရေပေါ်ကျွန်းတွင် ယာယီတပ်စခန်းချထားသော SSA-S ဒုဗိုလ်မှူးကြီး ပေါင်ခေး ဦးဆောင်အင်အား ၆၀ ခန့်နှင့် နမ့်စန်အခြေပြု နအဖ စစ်တပ် ခမရ ၅၁၆ နှင့်အရာရှိတစ်ဦး၏သား အလင်းဝင်ဗိုလ်မှူးကာလိန်ထွယ့် တပ်အပါအဝင် စုပေါင်းအင်အား ၁၀၀ မှ ၁၂၀ ခန့်တို့ တိုက်ပွဲ ဖြစ်ပွါးခဲ့ကြောင်း SSA-S သတင်းရပ်ကွက်က ဆိုသည်။

သျှမ်းပြည်အလယ်ပိုင်း မိုင်းကိုင်မြို့နယ်အတွင်း လှုပ်ရှားနေသော SSA-S ဒုဗိုလ်မှူးကြီးပေါင်ခေး ၏တပ်ဖွဲ့မှာ အဆိုပါယာယီတပ်စခန်း၌စခန်းချစဉ် နအဖ စစ်တပ်ထံ ယခင်နှစ်လည်က အလင်းဝင်သွားသော SSA-S ခွဲထွက်ဒုဗိုလ်မှူးကြီး မိန်းဇင့်အဖွဲ့မှ ဗိုလ်မှူး ကာလိန်ထွယ့် အဖွဲ့နှင့် နအဖ စစ်တပ်တို့ပူးပေါင်းကာ ဒီဇင်ဘာ ၂၉ ရက် နံနက် ၆ နာရီ အချိန်သွားရောက် ဝိုင်းရံပိတ်ဆို့ပြီးစတင် ပစ်ခတ်ခဲ့ကြောင်း၊ SSA-S မှ အပြင်းအထန်ပြန်လည် ခုခံတိုက်ခိုက် ရာ(၈)နာရီအချိန်တွင် နအဖ မှ တပ်ဆုတ်သွားခဲ့သည် ဟုဆိုသည်။

ဤသို့ ၂ နာရီကြာ ပြင်းထန်စွာအပြန်အလှန်ပစ်ခတ်ကြသည့် တိုက်ပွဲတွင် SSA-S မှ ဗိုလ်ကြီးဆန်ဝိ အပါအဝင် ရဲဘော် ၆ ဦးကျဆုံးကာ နအဖ စစ်တပ်ထံမှ ကြေးနန်းစက် (၁)လုံး၊ Icom စကားပြောစက် (၂) ခု၊ 9mm. ပစ္စတို (၁) လက်၊ M-22 (၁) လက်၊ MA-2/ M79 (၁) လက်နှင့် ၄င်းကျည်သီး (၁၁) လုံး သိမ်းဆည်းရမိသည် ဟုသိရသည်။ နအဖ စစ်တပ်မှ တပ်ကြပ်ကြီး(၁) ဦးသေဆုံး၊ (၇)ဦး ထိခိုက်ဒဏ်ရာရသွားကြောင်း အတည်မပြုသေးသော သတင်းအရ သိရသည်။ ❑

## ရုတ်တရက် ပက်ပင်းတိုး တိုက်ပွဲ

ဒီဇင်ဘာ (၁၉) ရက်နေ့က မိုင်းဆတ်မြို့နယ်အတွင်း မိန်းဟိုင်းအနောက်ဖက်အရပ်တွင်ရှိသော နောင်ချို ပလောင်ရွာအနီး သျှမ်းပြည်တပ်မတော်တောင်ပိုင်း (SSA-S) နှင့် နအဖ ခမရ (၂၂၁)တို့ ရုတ်တရက်ပက်ပင်းတိုးတိုက်ပွဲဖြစ်ပွါးပြီး 17: 00 နာရီ မှ 17:20 နာရီထိ ပစ်ခတ်ကြသည် ဟု SSA သတင်းရပ်ကွက်မှ ဆိုသည်။

ဤသို့ နှစ်ဖက်တပ်များမိနစ်(၂၀)အကြာ အပြန်အလှန်ပစ်ခတ်ကြပြီးနောက် SSA-S တပ်မှ အထိအခိုက်မရှိပဲ ဦးစွာ တပ်ဆုတ်ခဲ့သည်ဟုဆိုသည်။ တိုက်ပွဲတွင် နအဖ စစ်တပ်ဖက်မှ ထိခိုက်ကျဆုံးမှုကိုမသိရသေး ဟုဆိုသည်။

ယခုနှစ်ကုန်ပိုင်းတွင် သျှမ်းပြည်တောင်ပိုင်းနှင့် နယ်စပ်တလျှောက် နအဖ ၏စစ်ရေးလှုပ်ရှားမှုများသိသိသာသာတိုးလာကြောင်း၊ အထူးသဖြင့် ဒီဇင်ဘာ (၉) ရက်နေ့တွင် သျှမ်းပြည်တောင်ပိုင်း တပ်မတော်နှင့် တိုက်ပွဲဖြစ်ပွါးပြီး ၄င်းတို့၏ စစ်ကြောင်းမှူးတဦးကျဆုံးသွားခဲ့သည့်နောက်ပိုင်း မိုင်းဖျတ် မှ မိုင်းကိုး၊ မိုင်းလိန်း ဘက်ဆင်းလာသော လမ်းတလျှောက်လုံး နအဖ စစ်တပ်များ လုံခြုံရေးတင်းကျပ်စွာချထားပြီး စစ်သားများကိုနေရာတိုင်းတွေ့နိုင်ကြောင်း ထိုဒေသမှခရီးသွားလာသူတဦးက ပြောပါသည်။

မယ်ဆိုင်–တာချီလိတ် ချစ်ကြည်ရေးတံတား အမှတ် (၂) မြန်မာဖက်ကမ်းတွင်လည်း စစ်တပ်မှ အမြဲအစောင့်ချထားပြီး သံချပ်ကာကား (၂) စီး အရံသင့်စောင့်ထားသည်ကို လမ်းသွားလမ်းလာများပင် အမြဲမြင်တွေ့နိုင်ကြောင်း တာချီလိတ်ဒေသခံတဦးကဆိုပါသည်။

ထိုင်းဖက်သတင်းရပ်ကွက်ကမူ တာချီလိတ်တွင် ဒီဇင်ဘာ (၁၈) ရက်နေ့မှစ၍ တြိဂံဒေသတိုင်း ဒုတိုင်းမှူး ဗိုလ်မှူးချုပ် ဝေလင်းကိုယ်တိုင်လာရောက်ကြီးကြပ်ကွပ်ကဲကာ စီစဉ်ညွှန်ကြားနေသည်ဟုဆိုသည်။ အကြောင်းမှာ နှစ်သစ်ကူးကာလတွင် (SSA-S) တပ်ဖွဲ့မှ လာရောက်တိုက်ခိုက်ရန် စီစဉ်နေသည် ဆိုသောသတင်း နအဖ မှကြိုတင်သတင်းရထားသည်ဟု ပြည်သူ့စစ်တဦးက ကြားခဲ့ရကြောင်းဆိုပါသည်။ ထိုသတင်းနှင့်ပတ်သက်၍ (SSA-S) ဘက်မှ တရားဝင် ဖြေရှင်းချက်ထုတ်ပြန်ခြင်းမရှိသော်လည်း ၄င်းတို့ နှစ်ချုပ်ကိစ္စများနှင့် အလုပ်ရှုပ်နေပြီးစစ်ရေးအထူးစီမံချက်မရှိသေးကြောင်း၊ လုံခြုံရေးအတွက် ခံစစ်အနေအထားဖြင့်သာ ပြင်ဆင်ထားမှုရှိကြောင်း နယ်စပ်မှပြန်လာသော SSA အရာရှိတဦးက ပြောပါသည်။ ❑

### ထိပ်တန်းပုဂ္ဂိုလ်များ၏ဝင်ငွေ

*“ ကျတော်တို့ကမ္ဘာဟာ တန်းတူညီမျှမှုကင်းမဲ့ပြီး တန်ပြန် ဒဿန အကျဆုံးဖြစ်နေတယ်။ ဒီကမ္ဘာ ဂြိုလ်ကြီးပေါ်မှာ အချမ်းသာဆုံးလူ ၃ ယောက်တို့ရဲ့ဝင်ငွေဟာ တကမ္ဘာလုံးမဖွံ့ဖြိုးသေးတဲ့ နိုင်ငံအားလုံးရဲ့ စုစုပေါင်း ဝင်ငွေထက်တောင်ပိုများနေသေးတယ်”*

UNSC ကိုဗိုအန်းနန်း ထံတင်သွင်းသော စပိန်လူမျိုးပါမောက္ခ Frederico Mayor ၏ ကမ္ဘာ့ ထိပ်တန်းပုဂ္ဂိုလ်များဆိုင်ရာ အစီရင်ခံစာမှ။ (13.11.2006)

# ကျောင်းသားငြိမ်းချမ်းရေးဆုရှင် နန်းဇွမ်တောင်း နှင့် အမေးအဖြေ



Photo : SHAN

**မေး** ဂျန်နဝါရီ၁၅ ရက်နေ့က နန်းဇွမ်တောင်း ကို 2007 ရဲ့ ကျောင်း သားငြိမ်းချမ်းရေးဆုရှင်အဖြစ်ကြေငြာတယ်လို့ သိရပါတယ်။ ဘယ်နိုင်ငံက ချီးမြှင့်သလဲဆိုတာသိပါရစေ။

**ဖြေ** နော်ဝေးနိုင်ငံကကျောင်းသားများအဖွဲ့ကပေးတဲ့ဆုဖြစ်ပါတယ်။ 2007 ခုနှစ်အတွက် ပညာရေးအခွင့်အလမ်းနည်းပါးသူ နယ်စပ်ရောက်သျှမ်းပြည်သားများကူညီစောင့်ရှောက်ရေးလုပ်ရှားမှုအတွက်ပေးတဲ့ဆုဖြစ်ပါတယ်။

**မေး** ဒီဆုကို ဘယ်လိုအကြောင်းကြောင့်ပေးတာလဲ၊ ဘယ်လိုအရည်အချင်းအတွက်ပေးတဲ့ဆုလဲ ဆိုတာရှင်းပြပေးပါဦး။

**ဖြေ** ဒီဆုက ပညာရေး၊ လူမှုစည်းရုံးရေး၊ နိုင်ငံရေး နဲ့လူ့အခွင့်အရေးတွေမှာပါဝင်လှုပ်ရှားဆောင်ရွက်သူ လူငယ်များကိုပေးတဲ့ဆု ဖြစ်ပါတယ်။ ဒီ ၂၀၀၇ ခုနှစ်အတွက် ကျမဟာ ကျောင်းသားငြိမ်းချမ်းရေးဆုရဲ့ပထမဆုံးအမျိုးသမီးဆုရှင်အဖြစ်ရွေးချယ်ခံရခြင်းဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ နအဖ စစ်အာဏာရှင် အုပ်ချုပ်မှုစနစ်အောက်မှာ ကျမတို့တိုင်းရင်းသားလူငယ်မောင်မယ်များအတွက် ပညာရေးအခွင့်အလမ်းပိတ်နေပါတယ်။ ကျမတို့သျှမ်းပြည်မှာ တိုက်ပွဲတွေဖြစ်ပွားနေဆဲ ဒေသတွေရဲ့ပညာရေး ဆိုပိုဆိုးတာပေါ့။ တဘက်တလမ်းကလည်း ကျမတို့သျှမ်းပြည်မှာ စားဝတ်နေရေးတနေ့တခြား ကျပ်တည်းလာတဲ့ အတွက်လူငယ်တွေရဲ့အနာဂတ် ပညာရေးဟာ ပိုပြီးစိုးရိမ် နေရပါတယ်။

ဒီလို အဖက်ဖက်ကကျပ်တည်းမှုရင်ဆိုင်နေရတဲ့ လူငယ်တွေကို ကျမတို့ ဖွင့်ထားတဲ့ The School for Shan State Nationalities Youth (SSSNY) **သျှမ်းပြည်ရှိတိုင်းရင်းသားလူငယ်များကျောင်း** မှာပညာလေ့လာသင်ယူပြီး၊ မိမိလူမျိုးများအတွက်ပြန်အကျိုးပြုနိုင်အောင် အရည်အချင်းမြှင့်တင်ပေးတဲ့အပြင်၊သျှမ်းအမျိုးရေးရာဆက်သွယ်ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ Shan Woman's Action Network မှာပါဝင်လှုပ်ရှားမှုကိုကြည့်ပြီးတော့ ကျမကိုဒီဆုပေးဖို့ ဆုံးဖြတ်ရခြင်း ဖြစ်တယ်လို့ဆိုပါတယ်။

**မေး** ဆုပေးပွဲအခမ်းအနားကို ဘယ်တော့လောက်ကျင်းပဖြစ်မလဲ။

**ဖြေ** လာမဲ့ဖေဖော်ဝါရီ (၁၆ )ရက်ကနေ (၂၅)ရက်အထိ နော်ဝေးနိုင်ငံ ထရွန်ဟိုင်းမြို့အပြည်ပြည်ဆိုင်ရာကျောင်းသားပွဲတော်ကျင်းပမဲ့အခါဖြစ်ပါတယ်။

**မေး** The School for Shan State Nationalities Youth (SSSNY) သျှမ်းပြည်တိုင်းရင်းသားလူငယ်များကျောင်းလို့ပြောသွားတာကြားရပါတယ်။ ဒီကျောင်းကိုရော ဘယ်လိုအရည်အချင်းတွေရှိမှ ဝင်ရောက် သင်ယူလေ့လာခွင့်ရမှာပါလဲ။

**ဖြေ** (SSSNY) သျှမ်းပြည်တိုင်းရင်းသားလူငယ်များကျောင်း ကို ထိုင်း–ရှမ်းနယ်စပ်မှာ ဖွင့်လှစ်ထားပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ နယ်စပ်မှာတခြား ကရင်၊ ကယားတိုင်းရင်းသားတွေလို ကျမတို့ရှမ်းတွေအတွက် ဒုက္ခသည် စခန်းမရှိလို့ ပညာရေးအခွင့်အလမ်းမရှိသူ နယ်စပ်ရောက်သျှမ်းပြည် တိုင်းရင်းသားလူငယ်များအတွက် ရည်ရွယ်ပြီး ဖွင့်လှစ်ထားခြင်းဖြစ်ပါတယ်။ ကျမတို့ကျောင်းမှာ ပညာသင်ယူ နိုင်ဖို့ အတွက်ဝင်ခွင့်စာမေးပွဲဖြေရပါတယ်။ ကျောင်းဝင်ခွင့်ဖြေဆိုသူ လူငယ်များရဲ့လူမှုရေး လှုပ်ရှားဆောင်ရွက်မှု၊ နားလည်နိုင်စွမ်းရှိမှု အရည်အချင်းတွေကိုကြည့်ပြီးတော့ရွေးချယ်ပါတယ်။

**မေး** ကျေးဇူးတင်ပါတယ်။ နောင်မျိုးဆက်လူငယ်ထုအတွက် ဘာများအမှာ စကားပါးချင်ပါသေးသလဲ။

**ဖြေ**

ဆုချီးမြှင့်တဲ့နော်ဝေးကျောင်းသားများအဖွဲ့ကို ကျေးဇူးတင်ပါတယ်။ ဒီဆုဟာလည်းကျမတယောက်ထဲအတွက်မဟုတ်ပါဘူး။ လူငယ်တွေရဲ့ ပညာရေးဖွံ့ဖြိုးတိုးတက်မှုအတွက်လှုပ်ရှားနေတဲ့ကျမတို့အဖွဲ့အစည်းနဲ့လဲဆိုင်ပါတယ်။ ကျမတို့တိုင်းပြည်မှာ ပညာရေးနိမ့်ကျနေမှုကို ကမ္ဘာကသိရှိပြီဖြစ်တဲ့အတွက် ရှေ့ဆက်ပညာရေးလုပ်ငန်းစဉ်တွေမှာ လူငယ်မောင်မယ်များလည်းတတ်နိုင်တဲ့ဘက်ကနေ ပူးပေါင်းပါဝင်ကူညီဆောင်ရွက်သွားကြဖို့တိုက်တွန်းချင်ပါတယ်။ ❑

# တရားမဝင်အလုပ်သမားကာန်လုပ်သူ မယ်ဆိုင်တွင် ဖမ်းမိ

၃၊ ၁၂၊ ၂၀၀၆ တွင် မယ်ဆိုင်မြို့နယ် ဒုစရိုက်နှိမ်နင်းရေး ရဲတပ်ဖွဲ့က နားမွန်းလမ်းသွယ်ရှိ အိမ်အမှတ် ၄၂၄/၄ ကို သတင်းအရ ဝင်ရောက်ရှာဖွေစစ်ဆေးရာ Patchara Srisilapanand ဆိုသူ အမျိုးသမီး တစ်ဦးထံမှ "သျှမ်းအလုပ်သမားများ ဥပဒေရေးရာအကြံပေး ကူညီရေး၌ါန" ဆိုသော အဖွဲ့တခု၏ တရားမဝင်လုပ်ပေးသည့် အလုပ်သမားကာဒ်နှင့်ဆိုင်သော မှတ်တမ်းမှတ်ရာ စာရွက်စာတမ်းများကိုဖမ်းမိကြောင်း မယ်ဆိုင်မှလာသောသတင်းအရ သိရပါသည်။

အဆိုပါ အလုပ်သမားကာဒ်ပြုလုပ်ရန် သျှမ်းလူမျိုး အလုပ်သမားများထံမှ ငွေကြေးကောက်ခံကာ သက်တမ်း ၂ လ နေခွင့်ရလက်မှတ်အတွက် တစ်ဦးလျှင် ဘတ် ၅၅၀ ယူပြီး၊ သက်တမ်း ၆ လ အတွက် ဘတ် ၁၀၀၀ ပေးရသည် ဟုဆိုသည်။ သိမ်းဆီးရမိသည့်စာရင်းများအရ အလုပ်သမားကာဒ်လုပ်ပြီးသူ ၃၀၀ ခန့်ရှိပြီး ငွေမရှင်းရသေးသည့် ကျန်အလုပ်သမား ၂၂ ယောက်၏ စာရင်းများလည်းပါဝင်သည် ဟုဆိုသည်။ ၄င်းအဖွဲ့မှ တရားမဝင်အလုပ်သမားကာဒ်များကို ဦးဆောင်ပြုလုပ်ပေးနေသူမှာ Mr. Somchai (a) Ronaphi Saenkhamkorn ဆိုသူဖြစ်ပြီး ၄င်းကမူ တရားရေးဝန်ထမ်းတဦးနှင့်အတူ ရဲစခန်းသို့သွားကာ ဘတ် ၁ သိန်း ၂ သောင်းဖြင့် အာမခံထားကြောင်း၊ သို့သော် တရားရုံးတွင် ရင်ဆိုင်ဖြေရှင်းရဖွယ်ရှိကြောင်း နီးစပ်သူများက ဝေဖန်ပြောဆိုနေကြသည်။

အာဏာပိုင်များမှထိုအလုပ်သမားကာဒ်သည် ထိုင်းဥပဒေနှင့် မကိုက်ညီသဖြင့်သုံးခွင့်မပြုနိုင်ကြောင်း၊ ဆက်သုံးနေပါက ထိရောက်စွာအရေးယူမည်ဖြစ်ကြောင်း သတိပေးလိုက်သည်ဟုဆိုသည်။ ဤသတင်းကြောင့် ချင်းမိုင်နှင့် ဘန်ကောက်မြို့များတွင် ထိုတရားမဝင်ကာဒ်ကိုင်ဆောင်၍ အလုပ်လုပ်ကိုင်နေကြသူများအတွက် ပို၍စိုးရိမ်နေရကြောင်း ထိုင်းနိုင်ငံရှိ စီးပွါးရေးလုပ်ငန်းရှင် သျှမ်းအမျိုးသားတစ်ဦးက ပြောပြသည်။

သက်ဆိုင်ရာမှ တရားမဝင်အလုပ်သမားကိစ္စနှင့်ပတ်သက်၍ ထိုင်းဘုရင့်မွေးနေ့နောက်ပိုင်း ထိုင်းနိုင်ငံတစ်ဝှမ်းတွင် ပြတ်ပြတ်သားသားနှိမ်နင်းသွားမည့်အစီအစဉ်ရှိထားကြောင်း ထိုင်းဘာသာဖြင့် ထုတ်ဝေသည့် (Thai News Daily) တွင်လည်းဖေါ်ပြထားသည်။

# ပြည်သူ့စစ် အရာရှိအား တပည့်ဖြစ်သူက ပစ်သတ်


ဦးမဟာကြာ

၆၊၁၂၊၂၀၀၆ တွင် ယခင် ခွန်ဆာ၏ဌါနချုပ်ဟောင်းဖြစ်သော ဟိုမိန်း၊ ယခုလက်ရှိ Southern Shan State (SSS) ကုမ္ပဏီ ဥက္ကဋ္ဌ ဦးမဟာကြာ လက်အောက်ခံအရာရှိတစ်ဦးအား တပည့်ဖြစ်သူက ပစ်ခတ်သဖြင့် ၄င်းဖွဲ့စည်းထားသောပြည်သူ့စစ်အဖွဲ့ ဒု–ဦးစီး ဗိုလ်ကြီး လုံရီ သေဆုံးသွားကြောင်း မယ်ဟောင်ဆောင်နယ်စပ်မှသတင်းပေးပို့ချက်အရ သိရသည်။

၆၊၁၂၊၂၀၀၆ ရက်နေ့ ည ၇း၀၀ နာရီခန့်တွင် ဟိုမိန်းပြည်သူ့စစ်အဖွဲ့ ဒုဦးစီး ဗိုလ်ကြီးလုံရီ အသက် (၅၀) အား နားမွန်းလုံ နေအိမ်၌ ၄င်း၏စာရေး စိုင်းကစ် အသက် ၂၁ နှစ်က AK-47 သေနတ်ဖြင့် အော်တော်ဆွဲပစ်ခတ်ရာ ဗိုလ်ကြီးလုံရီ နေရာ၌ပွဲချင်းပြီးသေဆုံးသွားသည် ဟုဆိုသည်။ ညဈေးဝယ်ပြီးပြန်လာသော နန်းဆိုင်ထောန်း (၄၆) နှစ် နှင့် ညီမဖြစ်သူတို့ အခင်းဖြစ်ပွါးခိုက်နှင့်ကြုံကြိုက်သဖြင့် နန်းဆိုင်ထောန်း၏ လက်နှင့် ဝမ်းပြင်အား ထုတ်ချင်းပေါက်ထိမှန်သွားကာ နားမွန်းလုံရွာမှ ၄၀ ကီလို ဝေးကွာသော မယ်ဟောင်ဆောင် မြို့မဆေးရုံသို့ပို့ဆောင်ကုသထားရကြောင်း သိရသည်။

မယ်ဟောင်ဆောင် ခရိုင်ဝန်ရုံးအနောက်ဖက်၊ ဟိုပုန်ချယ်ရပ်ကွက်နေ စိုင်းကစ်မှာ ယခုအခါ ထွက်ပြေးတိမ်းရှောင်နေသည် ဟုဆိုသည်။

ဗိုလ်ကြီး လုံရီ ခေါ် ဦးလောဝ်ဟော်မှာ မယ်ဟောင်ဆောင်၊ ဟွေဖါကျေးရွာအုပ်စုရှိ မယ်ဆုည ရွာသားဖြစ်ပြီး ၁၉၉၄ ခုနှစ် က ထိုင်း–အမေရိကန် ပူးပေါင်းကာမူးယစ်ဆေးဝါးနှိမ်နင်းရေးစီမံကိန်းအရ ဆက်နွယ်ပတ်သက်နေသူများကို လိုက်လံရှာဖွေဖမ်းဆီးစဉ်က သျှမ်းပြည်ဘက်ထွက်ပြေးတိမ်းရှောင်နေကာ ခွန်ဆာလက်နက်ချသွားသည်မှစ၍ ဦးမဟာကြာလက်အောက်တွင် အမှုထမ်းနေသူဖြစ်သည်။ဤသို့ မမျှော်လင့်ပဲ ရုတ်တရက်ပစ်ခတ်မှုဖြစ်ရသည့်အကြောင်းရင်းကို အတိအကျ မသိရသေးသော်လည်း ဆက်လက်စုံစမ်းဆဲဖြစ်ကြောင်း သတင်းပေးသူက ဆိုပါသည်။

၁၉၉၆ ခုနှစ် ခွန်ဆာ ဦးဆောင်သော ဟိုမိန်းမှ MTA သျှမ်းပြည် တပ်မတော် နအဖ ထံလက်နက်ချ အလင်းဝင် သွားပြီးသည့်နောက်ပိုင်း ဦးမဟာကြာသည် အင်အား ၂၀၀ ခန့်ရှိ သျှမ်းပြည်သူ့စစ်အဖွဲ့ကိုဖွဲ့ စည်းပြီး ၄င်း၏သားဖြစ်သူ ခွန်တိုးအောင် (ခေါ်) စိုင်းနုအား ပြည်သူ့စစ်ဦးစီးမှူးအဖြစ်ခန့်ကာ ဗိုလ်ကြီးလုံရီကို ပြည်သူ့စစ်အဖွဲ့ ဒု–ဦးစီးရာထူးခန့်ထားသည်ဟုဆိုသည်။

SSS ကုမ္ပဏီသည် စီးပွားရေးလုပ်များတွင် နအဖထံမှ အထူးအခွင့်အရေးရရှိသောအဖွဲ့ဖြစ်သည် ဟုလူသိများပြီးဦးမဟာကြာသည် ထိုင်းအစိုးရမှ မူးယစ်ဆေးဝါးရောင်းဝယ်မှုနှင့်ပတ်သက်၍ အလိုရှိနေသူတစ်ဦးလည်းဖြစ်သည်။❏

## သတင်းတိုများ

# အိမ်ထောင်စုစာရင်း ပြဿနာ

၅၊၁၀၊၂၀၀၆ ရက်နေ့တွင် Japan Economic Newswire မှထုတ်ပြန်သည့်သတင်းအရ နအဖအစိုးရသည် ယခုဒီဇင်ဘာလမှ စ၍ရပ်ကွက်တိုင်းအိမ်တိုင်း၌ အိမ်ထောင်စုစာရင်းများ စတင်ကောက် သွားရန်စီစဉ်နေရှိကြောင်းဖော်ပြထားသည်။

ထိုအစီအစဉ်အရ စစ်အစိုးရကအိမ်ထောင်စုစာရင်း၊ ပုံစံ ၁၀ များကောက်ယူရသည့်အကြောင်းရင်း ကိုထုတ် ဖော်မပြောသော်လည်း ရွေးကောက်ပွဲအမြန်ကျင်းပနိုင်ရန်နှင့်မဲထည့်နိုင်မည့် အသက် ၁၈ နှစ်နှင့်အထက် လူဦးရေမည်မျှရှိသည်ကို သိလို၍ ဖြစ်ပုံရကြောင်း ဆိုပါသည်။

၈၊၁၀၊၂၀၀၆ ရက်စွဲဖြင့် Indepentent Mon News Agency မွန်ပြည်သစ်ပါတီမှ ရန်ကုန်သို့ တယ်လီ ဖုန်း ဆက်သွယ်မေးမြန်းရာ ရပ်ကွက်များတွင် အိမ်ထောင်စု စာရင်းများ လိုက်လံကောက်ယူနေပြီ ဖြစ်ကြောင်း၊ ကောက်ယူရာတွင်လည်း မိသားစုဝင်အရေအတွက်များ ကိုသာ စာရင်းမှတ်ယူသွားကြောင်းသိရသည် ဟုဆိုသည်။

ရန်ကုန်မြို့ရှိ ပုဂ္ဂလိကဂျာနယ်တစ်ခု၏ အယ်ဒီတာတစ်ဦး ပြောကြားချက်မှာ ရန်ကုန်မြို့တွင် လွန်ခဲ့သောနှစ်ပတ်ကတည်းက အိမ်ထောင်စု စာရင်းများကောက်ခံနေပြီဖြစ်ကြောင်းဆိုသည်။

တာချီလိတ်တွင်နေထိုင်သူတစ်ဦးက လွန်ခဲ့သော နိုဝင်ဘာလ၌ အိမ်ထောင်စု စာရင်းမရှိသူများ တာချီလိတ်တွင် နေထိုင်ခွင့်မပြုဟူသောအာဏာပိုင်များ၏တားမြစ်ချက်ကြောင့် စိုးရိမ်ပူပန်မှု များဖြစ်ခဲ့သော်လည်း ဒီဇင်ဘာလတွင်မူ ပုံစံ ၁၀ လျှောက်လွှာများကို အခက်အခဲမရှိ ငွေကြေးကုန်ကျမှုအနည်းငယ်ဖြင့် **လဝက**ရုံးတွင်အလွယ်တကူ ထုတ်ယူနိုင်သဖြင့် နယ်စပ်တွင်လာရောက် လုပ်ကိုင် စီးပွားရှာနေသော ပြည်သူအများ စိတ်သက်သာရာရကြသည်ဟု သိရသည်။ ❑

# နအဖ စစ်အုပ်စု၏ အနီးဆုံး အန္တရာယ်

၂၀၀၆ ခုနှစ် စက်တင်ဘာလ က ပြုလုပ်ပြီးစီးသွားသော နအဖ ၏ ၄ လပတ်အစည်းအဝေး၌ "မြန်မာနိုင်ငံ၏အနီးကပ်ဆုံးရန်သူမှာ **ထိုင်း**ဖြစ်သည်" ဆိုသော ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ပြောကြားခဲ့ချက်အပေါ် NDD သတင်းဌာနက "မြန်မာနိုင်ငံ၏အနီးဆုံးရန်သူမှာ ထိုင်းမဟုတ် AIDS ရောဂါဖြစ်သည်" ဟုဝေဖန် သုံးသပ်လိုက်ပါသည်။ မြန်မာနိုင်ငံစစ်အစိုးရမှ ထုတ်ပြန်ကြေငြာသည့် စာရင်းအရ ပြည်တွင်း၌ AIDS ရောဂါဝေဒနာရှင် ၃.၆ သိန်း ရှိသည်ဟုဆိုသော်လည်း တိကျသောစာရင်းဇယားစီစစ်မှု မရှိသဖြင့် ၎င်း၏ ၂ ဆ ရှိနိုင်သည်ဟုလည်း NDD သတင်းဌာနကပြောပါသည်။ ထိုနည်းတူ တပ်မတော်စစ်ရေးချုပ်၊ နအဖ အတွင်းရေးမှူး ၁ ဒုဗိုလ်ချုပ်ကြီး သိန်းစိန်၏ အစီရင်ခံစာအရ မြန်မာနိုင်ငံတွင် ခြေမြန်တပ်ရင်း စုစုပေါင်း ၂၈၄ တပ်ရင်းရှိရာ တပ်ရင်းတစ်ရင်းတွင် တပ်သား အယောက် ၂၀၀ ပင် မပြည့်ဟုဆိုသည်။ မြန်မာနိုင်ငံ၏သန်းခေါင်စာရင်းအရ ဌာနဆိုင်ရာအကြီးအကဲများ အတွင်း AIDS ရောဂါဝေဒနာရှင် ၄၈၅ ယောက်ရှိပြီး ရုံးဝန်ထမ်း အတွင်း ရောဂါဖြစ်ပွားသူ ၆၄၉၃ ယောက်ရှိရာ အစိုးရဝန်ထမ်းများ အတွင်းမှာပင် ဝေဒနာသည်စုစုပေါင်း ၆၉၇၈ ယောက်ရှိသည်ဟု NDD သတင်းဌာနမှ သုံးသပ်ဖော် ပြထားသည်။

ယခုအခါ နအဖ စစ်တပ်အတွင်း AIDS ရောဂါစွဲကပ်သည့် မည်သူ့ကိုမဆို ချက်ချင်းဖြုတ်ပြစ်နေသည် ဟုလည်းဆိုသည်။ ကမ္ဘာ တဝှမ်းလုံးရှိ AIDS ရောဂါသည်များအတွက် UN မှ ကူညီထောက်ပံ့ ငွေများပေးလျက်ရှိရာ Lao နိုင်ငံသားများအတွက် တစ်နှစ်လျှင် ဝေဒနာသည်တစ်ဦးအတွက် 47 $၊ Cambodia နိုင်ငံသား များအတွက် တစ်ဦးလျှင် 35$ အထောက်အပံ့ရသော်လည်း မြန်မာနိုင်ငံသားများ အတွက်မူ တစ်ဦးလျှင် 2 $ သာရသည် ဟုသိရပါသည်။ သို့သော် မြန်မာနိုင်ငံရဲတပ်ဖွဲ့ အနေဖြင့် Care Myanmar အဖွဲ့နှင့်ပူးပေါင်း၍ မြန်မာနိုင်ငံမှ AIDS ဝေဒနာရှင်များအတွက် အထောက်အပံ့များ တောင်းခံနေသည် ဟုသိရပါသည်။ ❑

# မြန်မာအလုပ်သမား တစ်သောင်း ယခုလဝင်လာမည်

ယမန်နေ့က အလုပ်သမားရေးရာဌါနမှ နိုင်ငံခြားအလုပ် သမားများထပ်မံခေါ် ယူလက်ခံမည့်ကိစ္စနှင့်ပတ်သက်၍ သတင်းထုတ် ပြန်ခဲ့သည်ဟု မန်နေဂျာအွန်လိုင်း သတင်းအရသိရပါသည်။

ယင်းကိစ္စနှင့် ပတ်သက်၍ အလုပ်သမားရေးရာ ဝန်ကြီး **အဖိုင်းကျန်ထနကြူလက** မှယမန်နှစ်ကနှစ်နိုင်ငံသဘောတူညီထား ချက်အရ မြန်မာနိုင်ငံမှ အလုပ်သမား တစ်သောင်းကို ယခုလမှစတင် ၍လက်ခံသွားမည် ဖြစ်ကြောင်းပြောဆိုသည်ဟု သိရပါသည်။

ထိုင်းနိုင်ငံတွင်းရှိစီးပွါးရေးလုပ်ငန်းရှင်များ၏လိုအပ်ချက်အရ နိုင်ငံခြားအလုပ်သမားရေးရာဌါနသို့ တောင်းဆိုထားသည့် အလုပ်သမား အရေအတွက်မှာ နှစ်သိန်းကျော်ရှိကြောင်းသိရသည်။ ထိုင်းနိုင်ငံ တောင်ပိုင်းခရိုင် (၅) ခရိုင်တွင်းရှိ စိုက်ပျိုးရေး ခြံလုပ်ငန်းများနှင့် ဝန်ဆောင်ရေးစသည့် လုပ်ငန်းများအတွက်ပါ ပါဝင်သည်ဟုဆိုသည်။

အကယ်၍ အထက်ပါအလုပ်သမားဦးရေဖြင့် လုံလောက်မှု မရှိပါက လာအိုနှင့် ကမ္ဘောဒီးယားနိုင်ငံမှ အလုပ်သမားများကို ထပ်မံ လက်ခံရန် အစီအစဉ်ရှိကြောင်းဆိုသည်။

ထို့ကြောင့် အလုပ်သမားလိုအပ်နေသော လုပ်ငန်းရှင်များ အနေဖြင့် သက်ဆိုင်ရာ အလုပ်သမားရေးဌါနသို့ ယခုလ (၁) ရက်နေ့မှစတင်၍ လျှောက်လွှာတင်တောင်းဆိုထားနိုင်ကြောင်း၊ မြန်မာနိုင်ငံမှ အလုပ်သမားများကို လက်ခံရာတွင် အလုပ်သမား ၁၀၀ နှင့် ၂၀၀ ဦးရေခန့်မျှ အသုတ်လိုက်ခွဲ၍ ထိုင်း-မြန်မာ နယ်စပ် တာချီလိတ်ဂိတ်မှတဆင့် ဝင်ခွင့်ပြုမည်ဖြစ်ကြောင်း သိရသည်။ ❑

# စစ်ဗျူဟာမှူးမှ သာသနာပိုင်မြေသိမ်းပြီး တရုတ်ကုန်သည်ထံပေးအပ်

လွန်ခဲ့သော နိုဝင်ဘာလဆန်းပိုင်းက သျှမ်းပြည်မြောက်ပိုင်း အရှေ့မြောက်တိုင်းအမှတ် (၃) အခြေချစစ်ဗျူဟာမှူး ဗိုလ်မှူးကြီး ခင်မောင်မြင့် ၏ညွှန်ကြားချက်အမိန့်ဖြင့် တန့်ယန်းမြို့ ဝမ်ဝိန်းရပ်ကွက် (၅)ရှိ အောင်မင်္ဂလာကျောင်းတိုက်ပိုင် သာသနာ့မြေကို သိမ်းယူပြီး လူသိများသြဇာကြီးသည့် တရုတ်စီးပွါးရေးသမားတစ်ဦးထံ ဘဏ် အဆောက်အဦးဆောက်လုပ်ရန်အတွက်ပေးအပ်လိုက်သည် ဟု ဘုရားဒကာတဦး၏ပြောပြချက်အရ သိရပါသည်။

အဆိုပါ အကျယ် (၃၀၀ X ၈၀) ပေရှိသော အောင်မင်္ဂလာ ကျောင်းဝင်းပိုင်မြေနေရာသည် ဒေသခံပြည်သူများ ဘိုးဘွားခေတ် အဆက်ဆက်ဘာသာရေးနှင့် ရိုးရာထုံးတမ်းစဉ်လာပွဲတော်များ ကျင်းပ လေ့ရှိရာနေရာဖြစ်သဖြင့် ယခုကဲ့သို့ ဦးသန်းဝင်း ဆိုသူတရုတ်စီးပွါးရေး သမားက ဘဏ်အဆောက်အဦးသစ်ကိုစတင်ဆောက်လုပ်နေမှု အပေါ် တန့်ယန်းမြို့ရပ်ကွက် ၄ နှင့် ၅ နေ ဒေသခံပြည်သူများက မကျေမချမ်းဖြစ်ကာ မြည်တွန်တောက်တီးနေကြကြောင်း ၄င်းက ဆိုသည်။

ဦးသန်းဝင်းသည် သျှမ်းပြည်မြောက်ပိုင်း(လားရှိုး) ရမခ တိုင်းမှူး–ဗျူဟာမှူးများနှင့် ရင်းနှီးကျွမ်းဝင်မှုရှိပြီး ယခင်တိုင်းမှူး ဟောင်း ဗိုလ်ချုပ်မြင့်လှိုင် ၏သမီးမင်္ဂလာဆောင်တွင် ကျပ်သန်းတစ်ရာတန် ပရာဒိုကား တစ်စီးလက်ဖွဲ့ခဲ့ကြောင်း၊ တိုင်းမှူး ဗိုလ်ချုပ် အောင်သန်းထွဋ် လက်ထက်တွင်လည်း တရင်းတနှီးဝင်ထွက်သွားလာနိုင်သကဲ့သို့ ယခု လက်ရှိ ဗျူဟာမှူး ဗိုလ်မှူးကြီးခင်မောင်မြင့်နှင့်လည်း ပုလဲနံပသင့်လှ ပြီးသြဇာအရှိန်အဝါကြီးမားသဖြင့်ဗမာဗျူဟာမှူးနှင့် တရုတ်ဗျူဟာမှူး ဟုပင်သမုတ်ခံရကြောင်း၊ ၄င်းတို့နှင့်နီးစပ်သော သတင်းရပ်ကွက် အဆိုအရသိရသည်။

၄င်းသည် သံလွင်အရှေ့ခြမ်း မန်းဆိုင်၊ နားဝီး၊ သံလွင် အနောက်ခြမ်းမိုင်းယော် မိုင်းကျွက်၊ မိုင်းဟက် စသည့် ဒေသများတွင် မူလတန်း၊ အလယ်တန်းအဆင့် စာသင်ကျောင်း(၁၀) ကျောင်းကို ငွေရင်းနှီးမတည်ကာ ဆောက်လုပ်ပေးခဲ့သူဖြစ်သည်ဟုဆိုသည်။ ထို့ကြောင့် ၄င်းပိုင်ဆိုင်သော ဆယ်ဘီးကား (၇–၈)စီးခန့်ဖြင့် သံလွင် မြစ် အရှေ့ခြမ်းရှိ ဝဒေသ ပန်ဆန်းနှင့် နားဝီး၊ မိုင်းမော ဒေသများသို့ ဆန်တင်ပို့ကာ တရုတ်နိုင်ငံသို့ရောင်းချရန် ကျွန်းသစ်များကိုပါ ဆန်အိတ်အောက်တွင်ဝှက်ကာသယ်ယူခြင်းဖြင့်၄င်း၊ အဆင်းတွင် အခြားကုန်သည်များ သယ်ပို့ခွင့်မရှိသောတရုတ်ပြည်ထုတ်လူသုံးကုန် ပစ္စည်းများကို လားရှိုး–တန့်ယန်းသို့ ၄င်း၏ကုန်တင် ယာဉ်များသာ သယ်ဆောင်နိုင်ခြင်းကြောင့်၄င်း၊ လမ်းတလျှောက်ရှိစစ်ဆေးရေးဂိတ်များ တွင် ရှာဖွေစစ်ကြောခြင်းမခံရပဲ ဖြတ်သန်းခွင့်ရနေသဖြင့် အထူး အခွင့် အရေးများရရှိကာ စီးပွားရေးကို တွင်တွင်ကျယ်ကျယ်လုပ်ကိုင်နေသူ ဖြစ်သည်ဟုဆိုသည်။ စီးပွါးရေး သမားအချို့ကမူ “တခါတလေ သူတို့ကားမှာ မူးယစ်ဆေးဝါးသယ်ဆောင်ရင်တောင် ဘယ်သူကသိနိုင် မှာလဲ ” ဟုဝေဖန်ပြောဆိုကြကြောင်း သိရသည်။

တိုင်းမှူးသစ် ဗိုလ်ချုပ်အောင်သန်းထွဋ် (လားရှိုး)သို့ ယခုနှစ်ဦး ပြောင်းလာခါစက တရုတ်လောပန်းသူဌေးအချို့ လက်ဆောင်ပစ္စည်း များနှင့်သွားကန်တော့စဉ် ၄င်းက “ကျုပ်က ဘုန်းကြီးမှ မဟုတ်တာ၊ လာကန်တော့စရာမလိုပါဘူး။ ခင်ဗျားတို့ယူလာတဲ့ ပစ္စည်းတွေပြန် ယူသွားပါ။ မရှိဆင်းရဲသားတွေကိုသွားပေးလိုက်ပါ” ဟုပြောခဲ့သည် ဟုသတင်းထွက်နေသော်လည်း ဦးသန်းဝင်း အဖို့မူ အလွယ်တကူပင် ရင်းနှီးမှုရရှိပြီး သူငယ်ချင်းတစ်ဦးပမာ ဆက်ဆံနေကြကြောင်း၊ တားမြစ် ကုန်ပစ္စည်းဖြစ်သည့် ဆန်တင်ပို့ရောင်းချခွင့်ကို ၄င်းအနေနှင့်အထူး အခွင့်အရေးရရှိထားသဖြင့် မကြာခဏ သံလွင်အရှေ့ဘက်ခြမ်းသို့ ဆန်တင်ပို့လေ့ရှိသလို (သီပေါ၊ နမ့်လန်နှင့် အောက်မြန်မာပြည်မှ) ကျွန်းသစ်များကိုလည်း ဆန်အိတ်အောက်၌ဝှက်ကာ အနည်းဆုံးတလ တစ်ခေါက်ကျ သယ်ယူနေကျဖြစ်ကြောင်း၊ ကားတစ်စီးလျှင် သစ်(၁၀) တန်တင်နိုင်ပြီး လားရှိုး–ပန်ဆန်းသို့ ကားအငှါးတင်ပါက သစ်တစ်တန် လျှင် ကျပ်တစ်သန်းဈေးရှိကြောင်း၊ ၄င်း၏ကိုယ်ပိုင်သစ်တင်ပါက တစ်တန်တွင် အမြတ်ငွေ (၁.၅ )သန်းကျပ် ရရှိကြောင်း၊ တစ်ခေါက်ကို ကား(၁၀)စီးစာတင်ပါက (ဆီဖိုး၊ တိုင်းမှူးနှင့် အရာရှိများအား လာဘ် ထိုးကြေး၊ လမ်းစာရိတ်နှင့် အထွေထွေအငှါးစားရိတ်ကုန်ကျငွေများ နှုတ်ပြီး) ခန့်မှန်းခြေအသားတင်အမြတ်ကျပ်သန်း(၁၀၀)ခန့်ရသည်ဟု ဆိုသည်။

လွန်ခဲ့သည့် နိုဝင်ဘာလလယ်ခန့်ကလည်း ဦးသန်းဝင်းပိုင် ဆယ်ဘီးကား(၆)စီး ပန်ဆန်းသို့ ဆန်တင်သွားပြန်သဖြင့် ကုန်သည် များအသိုင်းအဝိုင်းတွင် “ဆန်သစ် (ဆန်နှင့်သစ်) သယ်လာတယ်”ဆို သည့် ဟာသပြက်လုံးရေပန်းစားနေခဲ့ကြောင်းပြောဆိုပါသည်။

ဦးသန်းဝင်းမှ ဆေးရုံများ၊ ကျောင်းများဆောက်လုပ်ပေးခြင်းဖြင့် နအဖ တိုင်းမှူးများနာမည်ကောင်းရစေကာ တစ်ဖက်တွင်လည်း ၄င်း၏ ကိုယ်ကျိုးစီးပွါး အခွင့်အရေးအတွက် အပြန်အလှန်အကျိုးဖြစ်စေ သည့်နမူနာပြရလျှင်– မိုင်းယော်မြို့၏ တောင်ဖက်အရပ် နအဖစစ်တပ် ခလရ ၄၁ အနီး၌ ၂၀၀၄ ခုနှစ်စတင်ဆောက်လုပ်ကာ ၂၀၀၅ ခုနှစ် တွင်ပြီးစီးသွားသော ဆေးရုံနှင့်ကျောင်းများဆောက်လုပ်ခကုန်ကျ စားရိတ်မှာ ကုတင်(၅၀) ဆံ့ ဆေးရုံတစ်ရုံအတွက် ကျပ်ငွေ သန်း(၂၀)၊ ကျောင်းသားဦးရေ (၂၀၀) ဆံ့ မူလတန်းနှင့်အလယ်တန်းပေါင်း ကျောင်းတစ်ကျောင်းလျှင်ကျပ်ငွေသန်း(၁၀၀)ကုန်ကျသည်ဟုဆိုသည်။

# မိုင်းဖုန်းဆရာတော်မွေးနေ့ သျှမ်းပြည်အနှံ့မှ သွားရောက် လှူဒါန်း

ဂျန်နဝါရီလ(၅)ရက်နေ့တွင်ကျရောက်သည့် မိုင်းဖုန်း ဆရာတော်ဝုန်းစုမ့် ဥာဏသံဝရ သက်တော်(၄၄) နှစ် ပြည့်မြောက်မွေးနေ့ ပွဲတော်ကို ဆရာတော် သီတင်းသုံးရာ ချင်းရိုင်းခရိုင် မယ်ကျန်းမြို့နယ် တာခေါက်ပိတ်အုပ်စုရှိ မယ်လို့ရွာ ကျောင်းတိုက်တွင်ကျင်းပရာ အနယ်နယ်အရပ်ရပ်မှ သွားရောက်ကုသိုလ်ပြုလှူဒါန်းကြသည့် ဗုဒ္ဓဘာသာဝင်ရဟန်းရှင်လူပြည်သူ ထောင်သောင်းမကဖြင့် စည်ကားလှကြောင်း တာချီလိတ်မှ လာသောသတင်းအရ သိရပါသည်။



ဆရာတော်၏ မွေးနေ့သို့တက်ရောက်နိုင်ရန် လွန်ခဲ့သော နှိဝင်ဘာလ ကတည်းက သျှမ်းပြည်မြောက်ပိုင်းနှင့်သျှမ်းပြည် တွင်နေထိုင်ကြသောအနယ်နယ်အရပ်ရပ်မှ အခြားတိုင်းရင်းသားများ၊ ပြည်ပမှ ဗမာလူမျိုးများအပါအဝင် သောင်းနှင့်ချီသော စေတနာ အလှူရှင်များ၊ ဆရာတော် ၏တပည့်ဒကာ–ဒကာမများ ပွဲရက်မတိုင်မီ ကပင် ကြိုတင်ပြင်ဆင် ထားကြပြီး ဘူတန်၊ လော၊ ထိုင်း၊ စသော နိုင်ငံများမှ ဗုဒ္ဓဘာသာဝင်အများအပြားလည်း လာရောက်ဂါရဝပြု လှူဒါန်းကြသူများဖြင့် စည်ကားလျက်ရှိသည်ဟုသိရသည်။

ယခင် မန္တလေး–တာချီလိတ်လေကြောင်းလိုင်းပြေးဆွဲနေသော ပုဂံအဲလိုင်း၊ ရန်ကုန်အဲ၊ မြန်မာအဲဝေး အင်တာနေရှင်နယ် (MAI)တို့မှ

# ကေအဲန်ယူခေါင်းဆောင်
# ဗိုလ်ချုပ်ကြီးစောဘိုမြ ကွယ်လွန်



Photo : Manager

ကရင်အမျိုးသားခေါင်းဆောင်တစ်ဦးဖြစ်သူ အသက် ၇၉ နှစ်ရှိ ဗိုလ်ချုပ်ကြီးစောဘိုမြသည် ၂၄၊ ၁၂၊၂၀၀၆ ရက်နေ့က ကွယ်လွန်သွားခဲ့သည်။

ဗိုလ်ချုပ်ကြီး စောဘိုမြသည် သူ၏ဘဝတလျှောက်လုံး လက်နက်ကိုင်တော်လှန်ရေးကို ၅၇ နှစ်နီးပါးဆင်နွှဲခဲ့ကာ KNU ၏ ဥက္ကဌ ၊ ဒုဥက္ကဌ စသည့် အဓိကတာဝန်များကိုယူခဲ့ပြီး အချိန်ကြာမြင့်စွာဦးဆောင်ခဲ့သည်။ ကွယ်လွန်ချိန်တွင် KNU ၏ ကာကွယ်ရေးဌာနကိုကွပ်ကဲခဲ့ပြီး ၁၉၇၆ ခုနှစ်မှ ၂၀၀၀ ပြည့်နှစ်အထိ KNU ဥက္ကဌအဖြစ် တာဝန်ယူခဲ့သည်။ ဗိုလ်ချုပ်ကြီးစောဘိုမြ ကွယ်လွန်သွားခြင်းသည် KNU အတွက်ကြီးမားသည့် ဆုံးရှုံးမှုတရပ်ဖြစ်သည်ဟု ကေအဲန်ယူ အထွေထွေအတွင်းရေးမှူး ဖဒိုမန်းရှာ က အခုလိုပြောပါသည်။

*"အခုလိုသူကွယ်လွန်သွားတာ ကျတော်တို့ ကရင်တော်လှန်ရေးအတွက် နစ်နာဆုံးရှုံးမှုတခုဖြစ်ပါတယ် ၊ ဒါပေမဲ့သူနဲ့အတူ ကရင့်တော်လှန်ရေး ကျဆုံးသွားတာတော့ မဟုတ်ပါဘူး"*

ဗိုလ်ချုပ်ကြီးစောဘိုမြ၏ ထင်ရှားသည့် စွမ်းဆောင်နိုင်မှု



အချို့ကို ကေအဲန်ယူ ဗဟိုကော်မတီဝင်တဦးဖြစ်သည့် ပဒိုစောဒေးဗစ်ထော ကလည်း ယခုလိုပြန်လည်ပြောပါသည်။

အလှည့်ကျ ခရီးစဉ်တနေ့(၁)ခေါက်သာရှိသော်လည်း 26/ 12/ 06 ရက်နေ့မှစတင်၍ တနေ့လျှင် (၃)ခေါက်ပြေးဆွဲပေးလျက်ရှိကြောင်း၊ ဆရာတော်မွေးနေ့ပွဲကိုလာရောက်နိုင်ရန် အချို့ခရီးသည်များ 20/ 12/ 06 ကတည်းက ကြိုတင်လက်မှတ် ဘွတ်ကင်လုပ်ထားကြရသည် ဟု သိရသည်။

အချို့သျှမ်းပြည်မြောက်ပိုင်းမှလာသောခရီးသည်များ (ကားခနှင့်စားစားရိတ်မပါ) တာချီလိတ်အရောက် တစ်ဦးလျှင် ငွေကျပ် နှစ်သိန်းကုန်ကျပြီး သျှမ်းပြည်တောင်ပိုင်းမှလာလျှင် ကျပ်တစ်သိန်း ငါးသောင်း၊ သျှမ်းပြည်အရှေ့ပိုင်းမှလာသူများမှာကျပ်ငွေ တစ်သိန်း ကုန်ကျသည်ဟုဆိုသည်။ယခုအခါတာချီလိတ်မြို့တွင်ဘုန်းကြီးကျောင်း၊ တည်းခိုခန်း၊ ဟော်တယ် နှင့်အသိဆွေမျိုးများ၏ နေအိမ်များပါမကျန် အနယ်နယ်အရပ်ရပ်မှ ဘတ်စ်ကားကြီးကားငယ် အစီး(၂၀-၃၀)ကျော် ဖြင့် ဆရာတော်မွေးနေ့ပွဲ သို့လာကြသူများဖြင့် ပြည့်နှက်နေသည်ဟု သိရသည်။

မိုင်းဖုန်းဆရာတော် မြန်မာပြည်တွင်း၌သာသနာပြုစဉ် နအဖ စစ်အစိုးရမှ ခရီးသွားလာခွင့်အပါအဝင် အခြားတားဆီးပိတ်ပင်မှု များ လုပ်ခဲ့သဖြင့် ဆရာတော် သည် ထိုင်းနိုင်ငံသို့ ထွက်ခွါလာခဲ့သော်လည်း ယခုကဲ့သို့ ဆရာတော်၏(၄၄)နှစ်မြောက် မွေးနေ့ပွဲသို့ မြန်မာပြည် အနယ်နယ်အရပ်ရပ်မှ ဗုဒ္ဓဘာသာဝင်များက ၎င်းတို့၏ယာဉ်တန်းတွင် သာသနာအလံတော်တလူလူ လွင့်ထူလာခြင်းအပေါ် လမ်းတလျှောက် မြို့အဝင်အထွက်နှင့် တံတားများ၊ဂိတ်စောင့် ရဲ၊ စစ်သားများက မည်သို့မျှ ဟန့်တားခြင်းမပြုသည့်ပြင် **“ မိုင်းဖုန်းဆရာတော် မွေးနေ့သွားကြမလို့လား၊ အပြန်ကျရင် ဆရာတော်ဆီက လက်ဖွဲ့ ဘုရားဆင်းတု၊ အဆောင် ကောင်းကောင်း တစ်ခုခု တောင်းလာပေးအုန်းနော့ ”** ဟူ၍ပင် မှာကြားလိုက်သေးသည် ဟုဆိုသည်။

ဤသည်ကိုကြည့်ခြင်းဖြင့် နအဖ အထက်လူကြီးများက မိုင်းဖုန်းဆရာတော်၏သာသနာပြုလုပ်ငန်းအပေါ် ဟန့်တားနှောင့်ယှက်မှုပြုကာ အကောင်းမမြင်၊ ကြည်ညိုလေးစားမှုမရှိသော်လည်း ၎င်းတို့၏ လက်အောက်ငယ်သားများကမူ ဆရာတော်အား ကြည်ညို လေးစားမှုရှိကြောင်းသက်သေပြလျှက်ရှိသည်ဟုခရီးသည်တစ်ဦးကပြောပြသည် ဟုဆိုသည်။

လွန်ခဲ့သော ၂၀၀၄ ခုနှစ် ဧပြီလ ၂၂ ရက်နေ့က နအဖ စစ်တပ်နှင့် ဒေသခံ အုပ်ချုပ်ရေးအထက်အရာရှိအချို့ ဆရာတော် သီတင်းသုံးရာ မိုင်းဖုန်းကျောင်းသို့သွားကာ စစ်ဆေးမေးမြန်းခြင်းများ၊ ဆရာတော်၏ခရီးသွားလာခွင့်ကိုပိတ်ပင်တားမြစ်ခြင်းများလုပ်ခဲ့ပြီးနောက်ပိုင်း ဆရာတော်မှာ တာချီလိတ်မြို့နယ်တွင်းရှိ ၎င်း၏စံကျောင်းတော်မှ ထွက်ခွါခဲ့သည်မှာ ယနေ့တိုင်ဖြစ်သည်ဟု သိရပါသည်။ ❑

*“သူအသက်ရှင်စဉ်ကာလက စစ်ရေးမှာလည်းပြတ်ပြတ်သားသား လုပ်နိုင် သလို အကွဲအပြဲမှာပေ့ါလေ ၊ ကေအာရ်စီ* Karen Revolutionary Council *တို့* Karen National United Party *ကေအဲန်ယူပီတို့* Karen Armed Force *ကေအေအက်ဖ် ဖြစ်တဲ့ ကာလမှာ သူက ဒီတော်လှန်ရေးကို ပြန်လည်ပြီး တည့်မတ်ဦးဆောင်နိုင်ခဲ့တယ်လို့ ကျတော်တို့ပြောလို့ရပါတယ်။ အဲဒီဟာကလည်း တကယ်ကြီးမားတဲ့ သာဓကတခုပဲ။ အဲဒီကနေပြီးတော့ နောက်ဆုံး ဒီနေ့အခြေအနေအထိ ကေအဲန်ယူ ရပ်တည်နိုင်တဲ့အဆင့်ထိကို လုပ်ကိုင်နိုင်ခဲ့တာဟာ ထူးခြားတဲ့သူ့ရဲ့ လုပ်ဆောင်ချက်ပဲလို့ ကျနော်ပြောလို့ရပါတယ်။”*

၁၉၇၆ ခုနှစ် အမျိုးသားဒီမိုကရေစီတပ်ပေါင်းစု မဒတ ဖွဲ့စည်းထူထောင်ချိန်တွင်ဗိုလ်ချုပ်ကြီး စောဘိုမြသည် တပ်ပေါင်းစု၏ ခေါင်းဆောင်အဖြစ် တာဝန်ယူထမ်းဆောင်ခဲ့ကာ အခြားအဖွဲ့အစည်းများဖြစ်သည့် မြန်မာပြည်ဒီမိုကရက်တစ်မဟာမိတ်အဖွဲ့ချုပ် DAB ဥက္ကဋ္ဌနှင့် ပြည်ထောင်စု မြန်မာနိုင်ငံအမျိုးသားကောင်စီ NCUB ၏ ခေါင်းဆောင် စသည့်တာဝန်များထမ်းဆောင်ခဲ့သည်။

ဗိုလ်ချုပ်ကြီးစောဘိုမြ သည် ၂၀၀၄ ခုနှစ် ဇန္နဝါရီလတွင် ရန်ကုန်မြို့သို့ နအဖစစ်ခေါင်းဆောင် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် သွားရောက်တွေ့ဆုံခဲ့ပြီး ကေအဲန်ယူနှင့် နအဖကြား အပစ်ခတ်ရပ်စဲရန် နှုတ်ကတိအရ သဘောတူညီမှုကိုရယူခဲ့သည်။ ❑

*NMG , Irrawaddy (24.12.2006)*

# ဗိုလ်ချုပ်မြအသွင် သျှမ်းခေါင်းဆောင်အမြင်



အခုလက်ရှိ သျှမ်းဒီမိုကရက်တစ်ယူနီယန် (SDU) ရဲ့ ဥက္ကဋ္ဌ ခွန်ကြာနု ကလဲ ၁၉၇၀ ပြည့် လွန်နှစ်များကသျှမ်းပြည်တိုးတက်ရေးပါတီ SSPC ရဲ့ဥက္ကဋ္ဌ အဖြစ် တာဝန် ထမ်းဆောင်နေစဉ် KNU နဲ့ တပ်ပေါင်းစု အဖွဲ့ဝင်တွေ ဆွေးနွေးကြရင်း ဗိုလ်ချုပ်မြနဲ့စတင်သိကျွမ်းခဲ့ကြတယ်လို့ဆိုပါတယ်။

“ဗိုလ်ချုပ်မြက ကရင်အမျိုးသားတွေအတွက်ခိုင်မာတယ်။ ဖြတ်ထိုးဉာဏ်ကောင်းတယ်။ နောက်ပြီးတော့ စစ်ဘက်မှာကော သတ္တိရှိတယ်။ သူနေမကောင်းတာ တော်တော်ကြာသွားတဲ့အချိန်မှာ စုပေါင်းခေါင်းဆောင်မှုစနစ်နဲ့ လူစားထိုးနိုင်အောင် သူတို့ကြိုးစားခဲ့ရတာလေ။ ဒါကြောင့်မို့ဗိုလ်ချုပ်မြ မရှိပေမဲ့လည်း သူတို့က လုပ်ငန်းဆောင်တာတွေကို စုပေါင်းခေါင်းဆောင်မှုစနစ်နဲ့ ပြန်လုပ်နိုင်မယ်လို့ကျနော်က

စာမျက်နှာ 32 သို့

ရှမ်းမြေ

# ဌာနေပြည်သူ့စစ်မှနအဖစစ်တပ်အတွက်တပ်သားသစ်များစုဆောင်းပေး

အရှေ့မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၏ ၂၀၀၆ ခုနှစ် နှစ်လယ်ပိုင်းညွှန်ကြားချက်အရသျှမ်းပြည်မြောက်ပိုင်းရှိပြည်သူ့စစ်အဖွဲ့အားလုံးအား တစ်ဖွဲ့လျှင်တပ်သားသစ် အယောက် ၂၀ ထက်မနည်း စုဆောင်းပြီး ဒေသဆိုင်ရာနအဖစစ်တပ်ထံအပ်ရမည်ဟုဆိုသဖြင့် ၂၀၀၆ ခုနှစ် သီတင်းကျွတ်ပြီးနောက်ပိုင်း ကျေးရွာများမှ လူငယ်များအား လိုက်လံစာရင်းကောက်နေသည်ဟု သျှမ်းပြည်မြောက်ပိုင်းမှ သတင်း ပေးပို့ပါသည်။ တပ်သားသစ်မပေးနိုင်သော ကျေးရွာများအား တပ်သားတစ်ယောက်စာအတွက် ရွာသားများမှ နအဖစစ်တပ်သို့ ကျပ် ၂ သိန်း ပေးဆောင်ရသည်ဟုလည်းဆိုပါသည်။

အလင်းဝင် MTA ခွန်ဆာ၏တပည့်ဟောင်း ဗိုလ်မွန်းဦး ဆောင်သည့် ဝမ့်ပန်ဌာနေပြည်သူ့စစ်နယ်မြေဖြစ်သောသျှမ်းပြည်မြောက်ပိုင်း လားရှိုးနှင့်တန့်ယန်းမြို့နယ်အတွင်းရှိ လွယ်မော်၊နောင်လိုင်၊ နမ့်မူဆယ်၊ မိုင်းမား၊ မိုင်းတွမ်း၊ ဝမ့်ပန်၊ မိုင်းယော်၊ မိုင်းကြက်နှင့် မိုင်းဟက် ကျေးရွာအုပ်စုများတွင် တပ်သားသစ် အယောက် ၃၀၀ ခန့် စုဆောင်းခဲ့ပြီးဖြစ်သည်ဟုဆိုသည်။ ပထမအသုတ်အဖြစ် အဆိုပါ တပ်သားများမှ အယောက် ၅၀ ကိုတန့်ယန်းအခြေစိုက် နအဖတပ် စခန်းသို့ပို့ပေးရာ စစ်ရေးလေ့ကျင့်နေစဉ်တွင်လည်းကောင်း၊ နေရာ အသီးသီးရှိ တပ်ရင်းများသို့ပို့သွားပြီးနောက်တွင်လည်းကောင်း၊ တစ်ဝက်ခန့်မှာကြိုကြားကြိုကြားထွက်ပြေးတိမ်းရှောင်သွားကြကြောင်း၊ ကျေးရွာများတွင်လည်း တပ်သားသစ်လိုက်လံကောက်နေစဉ်အတွင်း နအဖစစ်သား မလုပ်စေချင်သောကြောင့် မိဘများက ၄င်းတို့၏တူ၊ သားများအား သင်္ကန်းစည်းပေးသူများရှိသလို လားရှိုး ၊ တန့်ယန်း ကဲ့သို့မြို့ကြီးများသို့ကျောင်းပြောင်းပို့ဆောင်ပြီး ပညာသင်ယူစေခြင်း လည်းရှိကြောင်း ဆိုပါသည်။

ပြီးခဲ့သည့် ၂၀၀၆ ခုနှစ် နိုဝင်ဘာလအတွင်း မိုင်းယော် တိုက်နယ်တွင် အဆိုပါတပ်သားသစ်စုဆောင်းပေးရေးနှင့် ပတ်သက်၍ RFA နှင့် DVB ရေဒီယိုအသံလွှင့်ဌာနတို့မှ ရှမ်း – မြန်မာ ၂ ဘာသာ စလုံးသတင်းထုတ်လွှင့်သွားသဖြင့် စစ်သားကောက်ယူရေးကိစ္စ တဒင်္ဂရပ်ဆိုင်းသွားပြီး ဒေသခံပြည်သူများလည်း ဝမ်းသာလျက်ရှိ ကြောင်း၊ မိုင်းယော်၌တပ်သားစုဆောင်းပေးရန် တာဝန်ကျသူဗိုလ်မွန်း၏တပည့် ဗိုလ်ကြီးစိုင်းမတ်မှာလည်း အံ့ဩတုန်လှုပ်သွားကြောင်း ဆိုသည်။

၄င်းအပြင် ဦးလောင်းမားဦးဆောင်သော မိုင်းဟပြည်သူ့စစ် အဖွဲ့က မိုင်းရယ်ဒေသ၌လည်းကောင်း၊မူးယစ်ရာဇာ ဦးကျော်မြင့် ၊ ဦးကျော်ထွေး ဦးဆောင်သော ပန်းဆေးပြည်သူ့စစ်တပ်ဖွဲ့က နမ့်ခမ်း မြို့ နယ်တစ်ဝိုက်လည်းကောင်း၊ ကွတ်ခိုင်ပြည်သူ့စစ်တပ်ဖွဲ့မှ မိုင်းပေါ်၊ ဖောင်းဆိုင်၊ မိုင်းကိုး၊တာမိုးညှင်း ဒေသတဝိုက်တွင်လည်းကောင်း ဒေသဆိုင်ရာ နအဖစစ်တပ်အတွက် တပ်သားသစ်စုဆောင်းပေးရ သည်ဟုဆိုပါသည်။၄င်းအပြင် မိုင်းကောင်၊တန့်ယန်းရှိ လားဟူ ပုလိပ် နှင့်ပြည်သူ့စစ်တပ်ဖွဲ့မှ ထိုဒေသ ရှိကျေးရွာအုပ်စုများအပေါ် တစ်လ လျှင် တပ်သားသစ် ၂ ဦးကောက်ခံ၍ နအဖ စစ်တပ်ထံပို့ပေးရ ကြောင်း၊တပ်သားကောက်၍မရသောလများတွင် တပ်သားတစ် ယောက်စာအတွက် နအဖ စစ်တပ်သို့ ရွာသားများမှ ကျပ် ၂ သိန်း ပေးရကြောင်း ရှမ်းပြည်မြောက်ပိုင်းသတင်းရပ်ကွက်က ဆိုပါသည်။

၂၀၀၆ ခုနှစ်ဦးပိုင်းကလည်း မိုင်းကောင်မြို့ဒေသခံများ၏ စိုက်ပျိုးလယ်မြေအများအပြားကို နအဖ စစ်တပ် ခလရ ၃၃ ကသိမ်း ယူကာ ပေ ၅၀ X ၆၀ အကျယ် အကွက်ငယ် ၅၀ ကွက်ပိုင်းပြီး ပြည်သူများ ထံတစ်ကွက်လျှင် ကျပ် ၅ သောင်းဖြင့် ပြန်လည် ရောင်းချ ပေးသည်။ ၄င်းတို့ရောင်းချ၍ ရရှိသည့်ငွေများကို လားဟူရဲကွန်မန်ဒို ဗိုလ်ဂျည်း က ကောက်ယူစုဆောင်းပြီး ခလရ ၃၃ တပ်ရင်းမှူးထံ တပ်ရင်းရံပုံငွေအဖြစ် ပို့ပေးရကြောင်း ဒေသခံတစ်ဦးက ဆိုပါသည်။

စာမျက်နှာ 31 မှ

ယုံကြည်တယ်။ ဗိုလ်ချုပ်မြ တို့ခေတ်တုန်းက ထာဝရစစ်တပ် Regular Army နည်းနာနိဿယတွေနဲ့လုပ်ခဲ့တယ်။ အဲဒါ အုပ်ချုပ်တာရော၊ တိုက်စစ်ဆင်တာရောအားလုံးက Regular Army ခေါ် ထာဝရ စစ်တပ် နည်းကို အင်္ဂလိပ်ဆီက သင်ယူရရှိခဲ့တယ်။ ဗမာ ကပါ အဲဒီထုံးတမ်း စည်းကမ်းတွေအတိုင်းလုပ်ခဲ့တယ်။ ပျောက်ကြားစစ်ဆင်ရေး သိပ် မလုပ်ဘူး။ ဒါပေမဲ့ နောက်ပိုင်းသူမကျန်းမာခါနီးလောက်မှာဘဲ Guerrillar Warfare ကို သူလက်ခံလာတာဖြစ်တယ်။ အဲဒီတော့အခုလက်ရှိKNU စစ်တပ်က Regular Warfare အစား Guerrillar Warfare ကိုပြန်ပြီး တော့ ကျင့်သုံးလာတော့ ကျနော့်အနေနဲ့ထက်မြက်တဲ့ Action သစ် ရလာတယ်ထင်တယ်။ ဒါကြောင့်မို့ ပျောက်ကြားမဟာဗျူဟာ ပြန် လှည့်လာတဲ့အခါကျတော့ အလားအလာပိုကောင်းတယ်လို့ထင် ပါတယ်။ သူအအောင်မြင်ဆုံးလုပ်နိုင်ခဲ့တာက KNU ကို စစ်တပ်အနေ နဲ့ ခိုင်မာအောင်လုပ်နိုင်ခဲ့တယ်။ ရဲဘော်တွေရဲ့ လေးစားမှုကို တောက် လျှောက်ခံရတယ်။ စစ်တပ်ရဲ့ ယုယမှုကိုသူခံစားရတယ်။ အဲဒါ သူ့ရဲ့ အရည်အချင်းဘဲ။ သူက စကားသိပ်များများပြောတတ်တဲ့ခေါင်းဆောင် မဟုတ်ဘူး။ ထိထိမိမိ အချက်အလက်တွေကိုပဲပြောတတ်တဲ့ ခေါင်း ဆောင်ဖြစ်တယ်။ နောက်ပြီးတော့ သူကပြတ်သားတယ်။ ဒါကြောင့်မို့ လို့သူ့ရဲ့ခေါင်းဆောင်မှုကိုရဲဘော်အားလုံးကလေးစားပြီးလိုက်နာတယ်။ အဲဒါသူ့ရဲ့အောင်မြင်မှုဘဲ။”❑

သျှမ်းဒီမိုကရက်တစ်ယူနီယံ SDU ဥက္ကဌ ခွန်ကြာနု (aka) စဝ်ဆိုင်ဆစ် ရဲ့အမြင်ဖြစ်ပါတယ်။

BBC 25.12.2006 ညပိုင်းအစီအစဉ်။

# DVB နှင့် RFA သျှမ်း အစီအစဉ် နားထောင်သူ ဦးရေတိုးပွါး

Democratic Voice of Burma (DVB) နှင့် Radio Free Asia (RFA) တို့မှ တိုင်းရင်းသားဘာသာ အသံလွှင့်အစီအစဉ်ကို လွှင့်ထုတ်ပေးခဲ့သည့်နောက်ပိုင်း ၂၀၀၆ ခုနှစ် နှစ်ကုန်ပိုင်းမှစ၍ သျှမ်းပြည်တွင် ရေဒီယိုနားထောင်သူဦးရေ တိုးပွါးလာသည်နှင့်အမျှ နိုင်ငံရေးအသိ နိုးကြားမှုရှိလာကြောင်း သက်သေအဖြစ် ကျိုင်းတုံမြို့တွင်တွေ့နိုင်သည်ဟု မိုင်းဖုန်းဆရာတော် ဝုန်းစုမ့်ဉာဏသံဝရ ၏ မွေးနေ့ပွဲသို့လာသော ကျိုင်းတုံသားတဦးကပြောဆိုပါသည်။

သျှမ်းတိုင်းရင်းသားဘာသာ ရေဒီယို အသံလွှင့်အစီအစဉ်ကို နော်ဝေးနိုင်ငံ အော်စလိုမြို့ (DVB) မှ အပတ်စဉ် ဗုဒ္ဓဟူးနေ့ (ညပိုင်း- နံနက်ပိုင်း) ထုတ်လွှင့်သည့်အစီအစဉ်ကိုငင်း၊ အမေရိကန်နိုင်ငံ ဝါရှင်တန်ဒီစီ (RFA) မှ အပတ်စဉ်သောကြာနေ့တိုင်း (ညပိုင်း) ထုတ်လွှင့်သည့် အစီအစဉ်များကိုငင်း၊ နားထောင်သူ တနေ့တခြား များပြားလာပြီးရပ်ထဲရွာထဲတွင် ၄င်းတို့ကြားရသည့်သတင်းများ လက်ဆင့်ကမ်းပြောပြကြ ဝေဖန်နေကြသည်မှာ အလုပ်တစ်ခုလိုဖြစ်လာသည် ဟုဆိုသည်။

ထို့ကြောင့် ဗုဒ္ဓဟူးနေ့နှင့်သောကြာနေ့များတွင်သျှမ်းဘာသာ အစီအစဉ်မလာမီ လက်ဘက်ရည်အခါးဝိုင်းတည်ကာ အဆင်သင့်စောင့်ဆိုင်း၍ တစ်ဖုံ၊ ကိုယ်ပိုင်ရေဒီယိုငယ်လေးရှိသူများက ကိုင်ဆောင်ချိတ်ဆွဲကာ ရင်းနှီးသည့်မိတ်ဆွေများအိမ်သို့ သွားရောက်အတူနားထောင်ကြ၍တမျိုး ထင်မြင်ချက်များဆွေးနွေးပြောဆိုတတ်ကြကြောင်း၊ နားမထောင်ရသူများအား နံနက်ခင်းတွင် အလုပ်သွားခါနီးလမ်း၌ဖြစ်စေ၊ ထမင်းစားပြီးချိန်ဖြစ်စေအချင်းချင်းရေဒီယိုမှသတင်း အကြောင်းပြန်ပြောင်းပြောပြကြ၊ ဝေဖန်ကြနှင့် စိတ်ဝင်တစားရှိကြကြောင်း-

*"မနေ့ကလွှင့်သွားတဲ့သတင်းကတော့ ကောင်းမှကောင်းပဲ၊ နအဖ ရဲ့ မတရားတဲ့လုပ်ရပ်တွေကို ကမ္ဘာကလဲသိကုန်ပြီ၊ ခင်ဗျား မကြားလိုက်ဖူးလား၊ နားမထောင်ရဘူးလား"*

*"ကျနော်တို့ ကျိုင်းတုံသတင်းကတော့ အပတ်စဉ်လိုပါနေတာ၊ လဆန်းပိုင်းမဟုတ်ရင်လဲ လကုန်ပိုင်းဆိုအမြဲပါနေကျပဲ"* ဟု ကျိုင်းတုံ ဒေသခံတစ်ဦးက ဆိုသည်။

*"အိမ်က ကိုယ်တော်တို့တော့ မနက်မိုးလင်းတာနဲ့ ရေဒီယိုလေးကောက်ကိုင်ပြီးထွက်သွားလိုက်တာ၊ ခုဆို အလုပ်မေ့ အကိုင်မေ့ပဲ"* ဟူသော အိမ်ရှင်မအချို့၏ ဆူပူသံများလည်းထွက်လာသည် ဟုကြားရသည်ဆိုသည်။

ပြည်သူအများ စိတ်ဝင်တစား နားဆင်သည့်သတင်းမှာ တိုက်ပွဲသတင်းဖြစ်သည်ဟုသိရသည်။အချို့လည်း *"ခုခေတ် အခြေအနေ က အရင်လိုမဟုတ်တော့ဘူး၊ အတော်များများဟာ ခေတ်နဲ့ လိုက်ပြီး တိုးတက်လာတယ်။ အသိတရားတွေရှိလာကြပြီ၊ အတွေးအမြင်လဲ ကျယ်လာပါပြီ၊ ဒါတွေဟာ ရေဒီယိုသတင်းနားထောင်ရလို့ပြောင်းလဲလာတဲ့တိုးတက်မှုလို့ဆိုနိုင်ပါတယ်"* ဟုဆိုသူလည်း ရှိကြောင်းသိရပါသည်။

အဆိုပါ ကျိုင်းတုံဒေသတွင်သာမက အခြားသောမြို့နယ်၊ အုပ်စုများ၊ သျှမ်းပြည်မြောက်ပိုင်း သိန္နီ၊ လားရှိုး၊ တရုတ် နယ်စပ်၊ မဲသျှမ်းဒေသများတွင်လည်း လေလှိုင်းမှ အသံလွှင့်အစီအစဉ်များကို ပြည်သူများစိတ်ဝင်တစားနားထောင်ကြကြောင်း မိုင်းဖုန်းဆရာတော် မွေးနေ့ပွဲလာ အခြားခရီးသွားတစ်ဦးကလည်း ပြောဆိုသည်။

DVB အသံလွှင့်ဌါနမှ သျှမ်းဘာသာအစီအစဉ်ကို အခြားတိုင်းရင်းသားဘာသာနည်းတူ 1996 ခုနှစ်မှ စတင်ထုတ်လွှင့်ခဲ့ရာ တပတ်နှစ်ကြိမ် (ဗုဒ္ဓဟူးနေ့တိုင်း) နံနက် 06:45 - 07:00 နာရီထိ SW-31 မီတာ 9435 khz ၊ ညပိုင်း 21:45 - 22:00 နာရီ ထိ SW-16 မီတာ 17495 khz နှင့် SW-49 မီတာ 5910 khz ထိ၊ တကြိမ် 15 မိနစ် အသံလွှင့်နေသော်လည်း အခြားအသံလှိုင်းများနှင့် နီးကပ်သဖြင့် အသံကြည်လင်မှုမရှိကြောင်း သောတရှင်များ ဆိုသည်ဟုသိရသည်။

RFA အသံလွှင့်ဌါနမှ တိုင်းရင်းသားဘာသာ (ကချင်၊ ကရင်နီ၊ ကရင်၊ ချင်း၊ သျှမ်း) ၅ မျိုးကို 25/ 8/ 2006 နေ့မှစတင်အသံလွှင့်ခဲ့သည်။ သျှမ်းဘာသာဖြင့် တပတ်တကြိမ် ( သောကြာနေ့တိုင်း) ညပိုင်း 19:50- 20:00 အချိန်ထိ 5 မိနစ်ကို SW-16 နှင့် SW-22 မီတာများတွင် မြန်မာလိုဘာသာပြန်၍ ထုတ်လွှင့်ပေးခဲ့ရာ အခြားတိုင်းရင်းသားများပါ သျှမ်းပြည်တွင်းဖြစ်ပျက်နေသည့် အခြေအနေများကိုသိရှိနိုင်ကြသဖြင့် အကျိုးရှိလှကြောင်း၊ အသံကြည်လင်မှု ရှိသော်လည်း အသံလွှင့်ချိန်နည်းလွန်းသည်ဟု သောတရှင်များမှဝေဖန်အကြံပြုချက်များရှိနေသည် ဟုဆိုသည်။ ❑

# သျှမ်းတက္ကသိုလ်ကျောင်းသူ ဘန်ကောက်၌ ယာဉ်တိုက်ခံရပြီး သေဆုံး




ဒီဇင်ဘာ (၂၄) ရက် ည (၁၁)နာရီ အချိန်ခန့်က ထိုင်းနိုင်ငံ ဘန်ကောက်ရှိ Asian Institute of Technology (AIT) ကျောင်းတွင် မြန်မာနိုင်ငံမှလာရောက်ပညာသင်ကြားနေသောစဝ်သီရိကစ်နန္ဒာမောင် အမည်ရှိ ကျောင်းသူတစ်ဦး ကားတိုက်ခံရပြီး ပွဲချင်းပြီးသေဆုံးသွား ကြောင်း ဒီဇင်ဘာ (၂၅)ရက်နေ့ထုတ်INN သတင်းအရ သိရပါသည်။

ဘန်ကောက်မြို့အနီး ပထုံထာနီ ခရိုင်တွင်ဖွင့်လှစ်ထားသော Asian Institute of Technology (AIT) ကျောင်း၌ Master of Business Administration (MBA) စီးပွားရေးဘာသာဆိုင်ရာ ဘွဲ့လွန်ပညာရပ်ကိုလာရောက်ပညာသင်ယူနေသော သျှမ်းတိုင်းရင်းသူ စဝ်သီရိကစ် နန္ဒာမောင် (၂၂) နှစ် သည် ညအချိန်ကျောင်းဝင်းပြင်ပသို့ စက်ဘီးစီးကာ ပစ္စည်းထွက်ဝယ်ရာမှ လမ်းမကြီးပေါ်အရောက်တွင် အရှိန်ဖြင့်မောင်းနှင်လာသော ဟွန်ဒါကားတစ်စီးနှင့် ရုတ်တရက်တိုက်မိပြီးနေရာ၌ပင် ပွဲချင်းပြီးသေဆုံးသွားခဲ့ခြင်းဖြစ်သည် ဟုဆိုသည်။

ကျန်ရစ်သည့်သူမ၏ရုပ်အလောင်းကိုထမ်မဆတ် တက္ကသိုလ် အနီးရှိ (ဝတ်ဇန်းခန်) တွင်ထားရှိပြီးယခုသူမ၏မိဘဆွေမျိုးသားချင်းများ အစုံအညီဖြင့် ဒီဇင်ဘာ(၃၀)ရက်စနေနေ့တွင် မီးသဂြိုဟ်ပြီးကြောင်း သိရသည်။

စဝ်သီရိကစ် နန္ဒာမောင်သည်သျှမ်းပြည်တောင်ပိုင်းတောင်ကြီး မြို့တွင်နေထိုင်သူဖြစ်ပြီး ထိုင်းနိုင်ငံတွင်လာရောက် ပညာဆည်းပူးနေ သည်မှာ (၄)လခန့်သာရှိသေးကြောင်း၊ ကျောင်းနေစဉ် လိမ္မာရေးခြား ရှိပြီး ပညာထူးချွန်သည့်ကျောင်းသူတစ်ဦးဖြစ်ကြောင်း၊ သျှမ်းပြည် တွင်နေစဉ်က သျှမ်းစာပေယဉ်ကျေးမှုဆိုင်ရာ လှုပ်ရှားမှုများတွင်လည်း တက်ကြွစွာပါဝင်ခဲ့ဖူးသူဖြစ်သဖြင့် သူမ၏ဆွေမျိုးများနှင့် ရင်းနှီးသော မိတ်ဆွေအသိုင်းအဝိုင်းက ဤသို့ရုတ်တရက်မမျှော်လင့်ပဲ သေဆုံးသွား ရသည့်အပေါ် နှမြောတသဖြစ်ရကြောင်း၊ သျှမ်းလူမျိုးများအတွက် "အကြွေစောသည့် ပန်းတစ်ပွင့်" ဟုဆိုလျှင် မှားမည်မထင်ကြောင်း ပြောဆိုနေကြသည်။ ❑

# အမှန်တရားနဲ့ ရင်ဆိုင်ဖို့အချိန်တန်ပြီ

အောက်တိုဘာ (၂၉) ရက်နေ့က ဘားမားဒိုင်ဂျက် (Burma Digest) အပတ်စဉ်သတင်းစာမျက်နှာပါ ဆောင်းပါးရှင်(စဝ်နွန်းအူ) ရေးသားသော "Time to Face the Truth" "အမှန်တရားနှင့် ရင်ဆိုင်ရန်အချိန်တန်ပြီ"ဆောင်းပါးတွင်လက်ရှိမြန်မာပြည်နိုင်ငံရေးအခြေအနေနှင့် အုပ်ချုပ်သူစစ်အာဏာရှင်အပေါ် ယခင်ဗြိတိသျှလက်ထက် အခြေအနေများနှင့် နှိုင်းယှဉ်ရေးသားထားသည်ကိုတွေ့ရသည်။

သူမ၏ဆောင်းပါးအရ လက်ရှိအုပ်စိုးသူစစ်အစိုးရက မြန်မာပြည်၌အကျပ်အတည်းကြုံလာတိုင်း ယနေ့ထက်တိုင် ဗြိတိသျှနှင့် သျှမ်းစော်ဘွားများအပေါ် ယိုးစွပ်အပြစ်ဖို့စွပ်စွဲနေမှုများ အဆုံးမသတ်နိုင်သေးကြောင်း၊ အမှန်မှာ မြန်မာပြည်မှ အင်္ဂလိပ်တို့ထွက်ခွါခဲ့သည်မှာ ၁၉၄၈ ခုကတည်းကပင်ဖြစ်ပြီး (၅၈) နှစ်ပင်ကြာညောင်းခဲ့သလို သျှမ်းစော်ဘွားများအာဏာစွန့်ခဲ့သည်မှာလည်း ၁၉၅၉ ကတည်းကဖြစ်သဖြင့် (၄၇)နှစ်ကြာမြင့်ခဲ့ပြီဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏အရေးကိစ္စ သည်ဗြိတိသျှ၊ သျှမ်းစော်ဘွားများနှင့် လုံးဝမသက်ဆိုင်တော့သကဲ့သို့ ၄င်းတို့အားဆက်လက်ပုတ်ခတ်ရန်မသင့်တော်တော့ကြောင်းထောက်ပြသည်။

သို့သော် ဗြိတိသျှတို့၏ (Divide and Rule) သွေးခွဲ အုပ်ချုပ်မှုပေါ်လစီကြောင့် ယခုကဲ့သို့တိုင်းရင်းသားအရေး ပြဿနာများ ရှုပ်ထွေးနေရခြင်းဖြစ်ကြောင်း၊ နအဖ တို့ယနေ့တိုင်စွပ်စွဲခဲ့သကဲ့သို့ ယမန်နှစ်ကလည်း ညောင်ရွှေစော်ဘွားစောရွှေသိုက်၏သားကြီး စဝ်ဆေခန်ဖ ဦးဆောင်သည့် Interim Shan Government မှ "ကြားဖြတ် သျှမ်းပြည်ထောင်စုအစိုးရအဖွဲ့" လွတ်လပ်ရေးကြေငြာခဲ့စဉ်ကလည်း သျှမ်းပြည်သီးခြားခွဲထွက်လိုခြင်းမှာ သျှမ်းစော်ဘွားများသွေးထိုး လှုံ့ဆော်ထားခြင်းကြောင့်ဖြစ်ကြောင်း လက်ညှိုးထိုးပြန်သည်ဟုဆို၏။သျှမ်းပြည်မှအတိုက်အခံအဖွဲ့အစည်းများကဖက်ဒရယ်ပြည်ထောင်စုအရေးတင်ပြပြောဆိုလာလျှင်လည်း သျှမ်းစော်ဘွားများကိုပင် စွပ်စွဲခဲ့ကြောင်း၊စင်စစ်ယနေ့ မြန်မာပြည်၏ပြဿနာမှာ နအဖ ယိုးစွပ်သကဲ့သို့ ဗြိတိသျှ၊ စော်ဘွားများနှင့် မည်သို့မျှ သက်ဆိုင်ခြင်းမရှိတော့ကြောင်း၊ ဗြိတိသျှအစိုးရခေတ်ပေါ်လစီအရ တောင်တန်း–မြေပြန့်ခွဲခြားအုပ်ချုပ်ခဲ့ သည်မှန်သော်လည်း နအဖ ကိုယ်တိုင် ၄င်းနည်းကိုပင် ဆက်လက်ကျင့်သုံး၍ သွေးခွဲဖိနှိပ်ခြင်းနည်းမျိုးစုံဖြင့် တိုင်းရင်းသားလူမျိုးစု တစ်မျိုးနှင့် တစ်မျိုးအကြားသွေးခွဲရုံမက၊ လူမျိုးတစ်မျိုးတည်းအတွင်းမှာပင် သွေးထိုးလှုံ့ဆော်ခြင်းလုပ်ရပ်များ ဗြိတိသျှအစိုးရခေတ်ထက်ပိုမိုဆိုးဝါးစွာ လက်ကိုင်ကျင့်သုံးနေကြောင်း ရေးသားထားသည်။

သျှမ်းပြည်ခွဲထွက်ရေး၊ ပဒေသရာဇ်ဆန့်ကျင်ရေးကိစ္စများ ဦးဆောင်လှုံ့ဆော်ခဲ့သူမှာဦးထွန်းမြင့် (တောင်ကြီး) ဖြစ်ပြီး ၄င်းရေးသားထုတ်ဝေသော "ခွဲရေးတွဲရေး ပြဿနာ၊ သျှမ်းပြည်နစ်နာချက်များ၊

ပြည်ထောင်စုတွင်းမှတန်းတူသောသျှမ်းပြည်၊သျှမ်းပြည်ဘယ်လဲ”စသည့်စာအုပ်များကိုဖတ်ကြည့်လျှင် သိနိုင်ကြောင်း၊ထိုစာပေများလေ့လာဖတ်ရှုခွင့်ရသည့် သျှမ်းပြည်မျိုးချစ်ပုဂ္ဂိုလ်များနှင့်ပြည်သူများ နိုင်ငံရေးအသိ နိုးကြားလာကာ သျှမ်းပြည်ခွဲထွက်ခွင့်ရရေးအတွက် တက်ကြွစွာပါဝင် တိုက်ပွဲဝင်လာကြခြင်းဖြစ်ကြောင်း–ညွှန်းဆိုသည်။

မည်သို့ပင်ဆိုစေကာမူ ယခုကဲ့သို့ သျှမ်းပြည်တွင်း ပြဿနာ၊ ပြည်ထောင်စုတွင်းမှ ပြဿနာများအားလုံး၏ အရင်းအမြစ်တရားခံမှာ နအဖ မှဆင်းသက်လာခြင်းသာဖြစ်ကြောင်းကိုဝန်ခံဖို့သင့်ပြီး အများပြည်သူ၏ဆန္ဒဖြင့်ရွေးကောက်တင်မြှောက်ထားသောပြည်သူ့ကိုယ်စားလှယ်များထံ အမြန်ဆုံးအာဏာလွှဲပေးသင့်ကြောင်း ဆောင်းပါးရှင်(စဝ်နွန်းအူ) ၏ “အမှန်တရားနဲ့ရင်ဆိုင်ဖို့ အချိန်တန်ပြီ”အမည်ရှိ ဆောင်းပါးက နအဖ အားတိုက်တွန်းရေးသားထားသည်။

စာရေးသူ (စဝ်နွန်းအူ) သက်တော် ၇၀ ကျော်သည် ရှမ်းပြည်တောင်ပိုင်း ရပ်စောက်စော်ဘွား စဝ်ခွန်ဆာ နှင့် စဝ်ယိင်းဝဲန်တိပ် တို့၏ သမီးတော်ဖြစ်ပြီး ဗြိတိသျှခေတ်၌ မွေးဖွားခဲ့သူဖြစ်သည်။ ၁၉၆၂ ခုနှစ် ဗိုလ်နေဝင်းစစ်အုပ်စု အာဏာသိမ်းပြီးနောက်ပိုင်း အင်္ဂလန်နိုင်ငံသို့ သွားရောက်ခဲ့ပြီး ယနေ့တိုင်နေထိုင်လျက်ရှိသည်။ သူမ၏ “My vanishing world” စာအုပ်အပြင် သျှမ်းပြည်အရေးနှင့်ပတ်သက်သော ဆောင်းပါးအမြောက်အများ ရေးသားခဲ့သူလည်းဖြစ်သည်။ ❑

## ဂလိုဘယ်လိုင်ဇေးရှင်း၊ ဒီမိုကရေစီ၊ လူ့အဖွဲ့အစည်းတရားမျှတမှု

“ကနေ့လက်ရှိ အနေအထားအရ ဒီမိုကရေစီအင်အားစုအဖို့ အလံတော် ၃ ခု တဖျပ်ဖျပ် လွင့်နေအောင် ပြိုင်တူဆွဲတင်ပါမယ်။ ဂလိုဘယ်လိုင်ဇေးရှင်း၊ ဒီမိုကရေစီ၊ လူ့အဖွဲ့အစည်းအတွင်း တရားမျှတမှု စတဲ့အလံတော် ၃ ခုဟာ တခုနဲ့တခု ခွဲခြားမရအောင် ဆက်စပ်နေတယ်။ အပြန်အလှန်ထောက်ကူပံ့ပိုးအားထား ကန့်သတ်နေကြတယ်။ ဂလိုဘယ်လိုင်ဇေးရှင်းမရှိရင် ဒီမိုကရေစီလည်း ရှိမှာမဟုတ်သလို ဒီမိုကရေစီမရှိရင်လဲ ဂလိုဘယ်လိုင်ဇေးရှင်း ရှိလာမှာမဟုတ်ဘူး။ ဒီမိုကရေစီနဲ့ ဂလိုဘယ်လိုင်ဇေးရှင်းဟာ ပြည်သူလူထုရဲ့ အားပေးထောက်ခံမှုနဲ့ ရေရှည်ခံ တိုးတက်ဖွံ့ဖြိုး မှုအသီးအပွင့်အဖြစ်ပျိုးထောင်ခံရဖို့ဆို တာ သက်ဆိုင်ရာ လူ့အဖွဲ့အစည်းရဲ့ လူမှုရေး၊ စီးပွားရေးလိုအင်ဆန္ဒ အပေါ် တုန့်ပြန်လက်ခံဖြည့်ဆည်းရမှာဖြစ်တယ်။သို့မှသာ ဒီမိုကရေစီ နဲ့ ဂလိုဘယ်လိုင်ဇေးရှင်းတို့ရဲ့ အကျိုးစီးပွားကို အဖွဲ့အစည်းအတွင်း တရားမျှတစွာပျံ့နှံ့အောင် ဖြန့်ဝေပေးနိုင်မှာဖြစ်တယ်။” ❑

7.10.2006 ရက်နေ့ ဆီဘူရဖား ခန်းမဆောင်၌ဟောပြောသော ဒု–ပါမောက္ခ ဖိချစ်လိခစ်ကစ်ဆုမ်ဘွန်း (ဓမ္မသတ်တက္ကသိုလ်) ၏ ဂလိုဘယ်လိုင်ဇေးရှင်း ရေစီးကြောင်းအတွင်း ထိုင်းအလံတော် ၃ ခုမှ




နအဖ ဗိုလ်ချုပ်ကြီးမောင်အေး နှင့် ထိုင်းစစ်ဗိုလ်ချုပ်ကြီး ဆွန်ထိ

## အာဏာရှင်နှစ်ဦး ဘယ်သူထူးသနည်း

18.9.1988 တွင်အာဏာသိမ်းခဲ့သည့် လက်ရှိဗမာစစ်တပ် ၏ ဒုခေါင်းဆောင်။

ထိုစဉ်က နဝတ ဥက္ကဌ ဗိုလ်စောမောင်သည် ရွေးကောက်ပွဲအနိုင်ရပါတီအား အာဏာအပ်နှင်းပြီး စစ်တန်းလျားသို့ပြန်မည်ဟု ၁၉၉၀ နှစ်ဦးပိုင်း၌ လူသိရှင်ကြားကြေငြာဂတိပြုခဲ့သော်လည်း ၁၈ နှစ်ကျော်ကြာလာသည့်တိုင် တိုင်းပြည်ကိုမောင်ပိုင်စီးလုပ်ထားကြဆဲပင်။

19.9.2006 တွင် ရောမခြစားမှုကျူးလွန်သည့် ထတ်ဆင် အစိုးရထံမှ အာဏာသိမ်းခဲ့သည့်လက်ရှိ ထိုင်းစစ်တပ်ခေါင်းဆောင်။ *“၁ နှစ်နှင့် ၅ လ အတွင်း အခြေခံဥပဒေသစ်ရေးဆွဲပြီးသည်နှင့် ပြည်သူလူထုလက်တွင်းအာဏာပြန်အပ်မည်”* ဟုဂတိပြုကြေငြာထား၏။

နဝတ/ နအဖ တို့ကဲ့သို့ အပြောနှင့်အလုပ် ပြောင်းပြန်ကိစ္စမျိုး မလုပ်ကောင်းတန်ရာ။ ❑

ဆောင်းပါး

# နအဖ ၏ စစ်ရေးအမြင် နှင့် ကျွန်ုပ်တို့၏ ယုံကြည်ချက်

စစ်ပွဲဆိုသည်မှာ နိုင်ငံရေးကိုအခြားနည်းဖြင့် ဆောင်ရွက်ခြင်းဖြစ်သည်။ ဤစကားကို ဂျာမန်စစ် ပါရဂူ ကလော့(စ)ဝိ(ဇ်) ပြောဆိုခဲ့ပါသည်။ စစ်ပွဲ၏အဓိပ္ပါယ်ကိုတိတိကျကျဖော်ပြသော စကားဖြစ်ပါသည်။

ကမ္ဘာပေါ်ရှိ လူသားတို့နေထိုင်ဖြစ်ပျက်လာပုံကို ခြေရာကောက်ကြည့်သောအခါ လွန်ခဲ့သော နှစ်ပေါင်း ၆၀၀၀ ခန့်အထိသာ သမိုင်းတင်နိုင်ပါသေးသည်။ လွန်ခဲ့သည့် နှစ်ပေါင်း ၁ သန်း(ဝါ) ၂ သန်းမှစ၍ ကမ္ဘာပေါ်တွင်လူသားတို့စတင်ပေါ်ပေါက်ခဲ့သည်ကို သမိုင်းမဟုတ်သည့် အခြားဘာသာရပ်ဆိုင်ရာနည်းပညာဖြင့်စူးစမ်းသိရှိကြရသည်။ သို့သော် သမိုင်းပညာဘာသာရပ်အဖြစ်လွန်ခဲ့သည့် နှစ်ပေါင်း ၆၀၀၀ ခန့်အထိသာလူ့အဖွဲ့အစည်းသိရှိဖြစ်ပျက်ကြပုံကို သိရှိကြသေးသည်။

## သမိုင်းဘာသာ

ဤနေရာတွင် သမိုင်းပညာဘာသာရပ်၏ အဓိပ္ပါယ်ကိုဖော်ပြရန်လိုပါလိမ့်မည်။ လူသားသည် မိမိ၏ဘဝပြဿနာဖြေရှင်းရာတွင် လူသားအချင်းချင်းဆက်ဆံကြရသည်။ လူသားအချင်းချင်းဆက်ဆံ မှုကို လွန်ခဲ့သည့်နှစ်ပေါင်း ၆၀၀၀ ခန့်အထိ ခြေရာ ကောက်ယူနိုင်ခဲ့ပါသည်။ နှစ်ပေါင်း ၆၀၀၀ အ တွင်း လူသားအချင်းချင်း ဆက်ဆံမှုမည်သို့ မည်ပုံရှိသည်ကို အဓိပ္ပါယ်ကောက်ယူ ကြပါသည်။ ထိုသို့ အဓိပ္ပါယ်ကောက်ယူသူများအားသမိုင်းပညာရှင်ဟုခေါ်ပါသည်။ ထိုသို့ လူစုလူဝေး လှုပ်ရှားပုံကို အဓိပ္ပါယ်ကောက်ယူဖော်ပြသောဘာသာရပ်ကို သမိုင်းဘာသာရပ်ဟုခေါ်ပါသည်။

## လူမှုပြဿနာများဖြေရှင်းကြပုံ

လူသားသည် ဘဝရပ်တည်ရေးနှင့် မိမိလိုအင်ဆန္ဒပြည့်ဝရေးအတွက် မိမိတဦးတည်းနေ၍မဖြစ်နိုင်ပါ။ အခြားလူသားများနှင့် ဆက်ဆံကြရသည်။ ယင်းသို့ဆက်ဆံကြရာမှ လူသားအစုအဖွဲ့များဖြစ်လာကြသည်။ လူသားအစုအဖွဲ့သည် တအိုးတအိမ်ထောင်အလိုက်အစုအဖွဲ့၊ ဆွေမျိုးအလိုက် အစုအဖွဲ့၊ ရပ်ရွာအလိုက် အစုအဖွဲ့၊ မြို့နယ်အလိုက် အစုအဖွဲ့၊နိုင်ငံအလိုက် တိုက်ကြီး များအလိုက် အစုအဖွဲ့၊ ဟူ၍အဆင့်ဆင့်ကျယ်ပြန့်လာခဲ့ရသည်။

ဤသို့အားဖြင့် လူသားသည် တဦးနှင့်တဦး ခွဲ၍မနေနိုင်ဘဲ ဆက်ဆံကြရပြီး ပြဿနာပေါင်းစုံကို နှစ်ပေါင်း ၆၀၀၀ အတွင်းကြုံတွေ့လာခဲ့ကြရသည်။ ယင်းသို့သောပြဿနာအပေါင်းကိုလူမှုရေးနည်း၊ စီးပွားရေးနည်း၊ ဘာသာရေးနည်း၊ နိုင်ငံရေးနည်း ၊ စစ်ရေး နည်းများဖြင့်ဖြေရှင်းလာခဲ့ကြသည်။

လူ့သမိုင်းနှစ်ပေါင်း ၆၀၀၀ အတွင်း လူတို့၏ပြဿနာများဖြေရှင်းရာတွင် စစ်ရေးနည်းကို အဓိကထားအသုံးပြုလာခဲ့သည်မှာ ယနေ့အထိဖြစ်ပါသည်။ သို့သော် ၁၉၃၉ မှ ၁၉၄၅ အထိဖြစ်ပွားသော ဒုတိယကမ္ဘာစစ်ကြီး အတွေ့အကြုံအရ လူမှုရေးပြဿနာများကို စစ်ရေးနည်းဖြင့်ဖြေရှင်းကြခြင်းသည် နေ့ပိုင်းရက်ပိုင်းအတွင်း လူသားသန်းပေါင်းများစွာသေကြေပျက်စီးစေရုံမက တန်ဖိုးမဖြတ်နိုင်သောလူသားတို့၏သမိုင်းဝင် ဖန်တီးချက်လက်ရာများကိုပါ နာရီပိုင်း၊ မိနစ်ပိုင်းအတွင်းပျက်စီး ပြာကျသွားစေနိုင်ကြောင်းတွေ့ရှိလာကြရပါသည်။ ထို့အပြင် အနုမြူလက်နက် ကိုသုံးစွဲခဲ့ပါက ကမ္ဘာ့လူသားတစ်ရပ်လုံး မျိုးပြုန်းသွားနိုင်ပါသည်။



## စစ် နှင့် လူသား

ဤသင်ခန်းစာကိုကြည့်ပါက လူမှုပြဿနာကို စစ်ရေးနည်းဖြင့် ဖြေရှင်းခြင်းသည်လူ့ဘဝရည်မှန်းချက်နှင့် ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်နေကြောင်း လူသားတို့မျက်ဝါးထင်ထင်တွေ့မြင်ကြရသည်။ ထို့ကြောင့်စစ်ရှောင်ရှားရေးမှာ လူ့ဘဝရည်မှန်းချက်တခုဖြစ်လာပါသည်။ စစ်ရှိနေလျှင် လူ့ဘဝဖွံ့ဖြိုးမှုရှိတော့မည်မဟုတ်ပါ။

ဤအဓိပ္ပါယ်အရစစ်ရှိနေလျှင် လူသားအဖို့ မိမိတကိုယ်တည်းဘဝလိုအပ်ချက်နှင့် ပြည့်ဝလိမ့်မည်မဟုတ်ပေ။ အေးချမ်းမှု၊ လုံခြုံမှု၊ တိုးတက်မှု၊ ဘဝသာယာဖြောင့်ဖြူးမှု စသည်များ ပြည့်စုံတော့မည်မဟုတ်။ ဤလိုအပ်ချက်များအတွက် လူသားအချင်းချင်း ဆက်ဆံပေါင်းသင်းလာကြရပါသည်။ လူသားဆက်ဆံရေးမှ ပေါ်ပေါက်လာသောလူမှုရေးပြဿနာကို စစ်ရေးနည်းဖြင့် ဖြေရှင်းခဲ့လျှင် လူသားတို့အဖို့အေးချမ်းသာယာမှု၊ လုံခြုံမှု၊ ပွင့်လန်းမှုများမရရှိရုံမက လူ့အသက်ခန္ဓာဖြင့်ပေးဆပ်ကြရသည့်အတွက် စစ်သည် လူနှင့်ဆန့်ကျင်

ဘက်ဖြစ်နေပါသည်။ စစ်နိုင်သူက စစ်ရှုံးသူအားကျွန်ပြုခြင်း၊ နိုင်ငံသိမ်းယူခြင်း၊ စစ်ရှုံးသူအား သတ်ဖြတ်ခြင်း၊ချေမှုန်းခြင်း၊ မျိုးပြုန်းသုတ်သင်ခြင်း စသည်တို့မှာ လူသားများအပေါ် ကျရောက်သော စစ်၏ဆိုးကျိုးများဖြစ်နေပါသည်။ ထို့ကြောင့် လူသည်စစ်ကိုမုန်းရတော့သည်။

## စစ် နှင့် နအဖ

၁၉၄၈ ဇန္နဝါရီလ ၄ ရက်နေ့တွင် ပြည်ထောင်စု မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိခဲ့သည်။ နိုင်ငံသားများ၏ဘဝအေးချမ်းမှု၊ တိုးတက်မှု၊ သာယာဖြောင့်ဖြူးမှု အတွက် နိုင်ငံ့ဓနအင်အားကို အသုံးချ မည့်အစား နိုင်ငံ့ဓနအင်အား၏ ၄၀% ကျော်ကို ဗမာ့တပ်မတော်က စစ်အသုံးစရိတ်အဖြစ် အသုံးပြုနေခဲ့သည်။

ဗမာ့တပ်မတော်က နိုင်ငံ့ဓနအင်အား ထက်ဝက်နီးပါးကို စစ်ရေးအတွက် စတင်သုံးစွဲခဲ့သည့် အချိန်ကတည်းက **ဖဆပလ** အစိုးရသည် ပြည်တွင်းသောင်းကျန်းမှုကို နိုင်ငံရေးနည်းဖြင့် မဖြေရှင်းဘဲ ဗမာ့တပ်မတော်အား လွှဲအပ်ပေးခဲ့သည်။ စစ်တပ်ကထင်တိုင်းကြဲပြုမှုခဲ့သည်ကို ထိုအချိန်ဝန်ကြီးချုပ်ဖြစ်သည့် ဦးနုကလည်း ပုတီးစိပ်၍ မျက်နှာလွှဲနေခဲ့သည်။ ထိုထက်မက စစ်ဘုရင်ကြီး ဗိုလ်နေဝင်းကိုပင် နိုင်ငံ့သူရဲကောင်းကြီးအဖြစ် ဦးနုက ကမ္ဘာ့အလယ်တွင် ပွဲထုတ်ပြခဲ့သည်။ ၁၉၅၈–၁၉၆၀ အတွင်း အိမ်စောင့်အစိုးရအဖြစ် ဗိုလ်ချုပ်ကြီးနေဝင်းလက်ထဲ အာဏာလွှဲအပ်ပေးလိုက်ခြင်းဖြင့် တိုင်းပြည်အပေါ် ခွစီး ခါးမိုးအုပ်ချုပ်သည့် အလေ့အကျင့်ရစေရန်ဗိုလ်နေဝင်းအား မွေးထုတ်ပေးလိုက်သလို ဖြစ်သွားပါသည်။

ယင်းသို့အားဖြင့် စစ်ရေးသည် နိုင်ငံရေးကို အခြားနည်းနှင့်ဆောင်ရွက်ခြင်းသဘောတရားကို ဗိုလ်နေဝင်းသိရှိရတော့သည်။ စစ်ရေးကဏ္ဍ သူ၏ဆောင်ရွက်ချက်တိုင်း နိုင်ငံရေးဆောင်ရွက်ချက်



များဖြစ်လာတော့သည်။ စစ်ရေးအရဆောင်ရွက်မှုအားလုံးလည်း နိုင်ငံရေးဆောင်ရွက်မှုချည်းဖြစ်သွားစေသည်။

ဤသဘောတရားဖြင့် ဗိုလ်နေဝင်းမှတဆင့် သူ၏နောက်လိုက် နဝတ ၊ နအဖ ထိပ်သီးများအား သင်ကြားလေ့ကျင့်ပေးခဲ့တော့သည်။ ယင်းသို့လေ့ကျင့်သင်ကြားရသောကြောင့် နိုင်ငံရေးသဘောတရားအားလုံးကို ဒင်းတို့ပစ်ပယ်လိုက်ကြသည်။ စစ်ရေးဆောင်ရွက်မှုအတိုင်း နိုင်ငံအသွင်ဆောင်စေသည့် ဗိုလ်နေဝင်းသည်၄င်း၊ သူအနားယူပြီးနောက် သူ့နောက်လိုက်စစ်အာဏာပိုင်များသည်၄င်း၊ အရာရာကို စစ်ရေးနည်းဖြင့်ဆောင်ရွက်လာတော့သည်။ယင်းသို့ စစ်အမြင်၊ စစ်ရေးအတွေး၊ စစ်ရေးနည်းဖြင့်ဆောင်ရွက်သမျှ ဒင်းတို့က နိုင်ငံရေးဆောင်ရွက်ချက်၊ စီးပွားရေး ဆောင်ရွက်ချက်၊ လူမှုရေးဆောင်ရွက်ချက်၊ အမျိုးသားယဉ်ကျေးမှုဆောင်ရွက်ချက် အဖြစ်ဝါဒဖြန့်လာတော့သည်။ စစ်ရေးဖြင့် နိုင်ငံရေးကို အခြားနည်းဖြင့်ဆောင်ရွက်ခြင်းဖြစ်၍ နအဖ၏ စစ်ရေးဆောင်ရွက်ချက်များလည်း နိုင်ငံရေးဆောင်ရွက်ချက်များ ဖြစ်သွားတော့သည်။

## နအဖ နှင့် ဆက်ဆံနည်း

ကျွန်ုပ်တို့ နိုင်ငံသားများအဖို့ နအဖနှင့်ဆက်ဆံသည့်အခါ နိုင်ငံရေးနည်း၊ စီးပွားရေးနည်း၊ လူမှုရေးနည်းများဖြင့်ဆက်ဆံလျှင် နအဖတို့သဘောပေါက်မည်မဟုတ်ပါ။ ဒင်းတို့သဘောပေါက်သည်မှာ စစ်ရေးနည်းသာဖြစ်ပါသည်။ဒင်းတို့နှင့် ဆက်ဆံသောအခါ ဒင်းတို့ နားလည်သည့် စစ်ရေးနည်းဖြင့် ဆက်ဆံခြင်းသည်နည်းမှန်လမ်းမှန်ဖြစ်ပါသည်။

## နအဖ ၏ စစ်အမြင်စစ်အတွေး

လူ့သမိုင်းတွင်ထင်ရှားကျော်ကြားသော လူသားများအနက် အဆင့်အမြင့်ဆုံး (ဝါ) အမွန်မြတ်ဆုံး ပုဂ္ဂိုလ် များကိုဖော်ပြပါဟုဆိုလျှင် ထိုပုဂ္ဂိုလ် များအားစစ်ပွဲများတွင်သာတွေ့မြင်နိုင်ပါသည်။ ဘာသာရေး၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနယ်ပယ်များတွင် တွေ့ရသော ပုဂ္ဂိုလ်များသည် စစ်ရေးတွင်တွေ့ရသော ပုဂ္ဂိုလ်ကျော်ပုဂ္ဂိုလ်မြတ်များ၏အဆင့်ကို မှီနိုင်မည်မဟုတ်ပါ။

အကြောင်းပြပါဆိုလျှင် မည်သည့်ဘာသာရေးပွဲတော်တွင်မဆို ဘာသာရေးခေါင်းဆောင် သူတော်စင်သူတော်မြတ်များသည် မိမိ၏ အသက်ကိုသော်လည်းကောင်း၊ ကိုယ်အင်္ဂါအစိတ်အပိုင်းကို သော်လည်းကောင်း၊ သားသမီးနှင့် မယားဇနီးကိုသော်လည်းကောင်း၊ နိုင်ငံနှင့် လူမျိုးအတွက်စွန့်လွှတ်လေ့မရှိကြပေ။ ထို့အတူ စီးပွားရေး၊ လူမှုရေး နယ်ပယ်၊ နိုင်ငံရေးလောကတွင်လည်း မည်သည့်ခေါင်းဆောင်ပင်ဖြစ်စေ နိုင်ငံနှင့်အမျိုးသားအတွက် မစွန့်လွှတ်နိုင်ကြပေ။

သို့သော် စစ်သူကြီးများနှင့် စစ်သားများသည် မိမိ၏အသက်ကိုသော်လည်းကောင်း၊မိမိ၏ကိုယ် အင်္ဂါအစိတ်အပိုင်းကို သော်လည်းကောင်း၊ မိမိ၏သားသမီးနှင့်မယားဇနီးကိုသော်လည်းကောင်း တွယ်ငြိမနေဘဲ စစ်ပွဲတွင် စွန့်စားစွန့်လွှတ်လေ့ရှိတတ်ကြသည်။

ထို့ကြောင့် လူ့သမိုင်းတွင်အမြင့်မြတ်ဆုံးပုဂ္ဂိုလ်များ ကိုစစ်ပွဲတွင်သာတွေ့မြင်နိုင်ပါသည်။ တနည်းအားဖြင့် အမြင့်မြတ်ဆုံးပုဂ္ဂိုလ်တို့ကိုစစ်ပွဲ ကသာမွေးထုတ်ပေးသည်။ (ဝါ) အမြင့်မြတ်ဆုံးနှင့် အကြီးကျယ်ဆုံး ပုဂ္ဂိုလ်တို့အတွက် မှတ်ကျောက်မှာ စစ်ပွဲသာဖြစ်ပါသည်။

လူ့သမိုင်းတွင် အကြီးကျယ်ဆုံးနိုင်ငံဖြစ်စေ ၊ အကြီးကျယ်ဆုံး နိုင်ငံသားများဖြစ်စေ ၊ အကြီးကျယ်ဆုံးခေါင်းဆောင်များဖြစ်စေ စစ်ပွဲများ၌သာမွေးဖွားလာကြသည်ဟု နအဖထိပ်သီးများယုံကြည်ထားပုံရသည်။ အကြီးကျယ်ဆုံးနိုင်ငံကြီးသား၊အကျော်ကြားဆုံး ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ် ဆိုသည်မှာ အကြီးကျယ်ဆုံးစစ်ပွဲကို အောင်နိုင်ကြသူများဖြစ်ကြောင်း ၎င်းတို့နှလုံးသွင်းထားကြပြီ မဟုတ်ပါလော?။

## နအဖ၏ အပေါ်စီးအနေအထား

ဦးနုအစိုးရလက်ထက်၌သော်လည်းကောင်း၊ ဗိုလ်ချုပ်နေဝင်း အိမ်စောင့်အစိုးရလက်ထက်၌သော် လည်းကောင်း၊ မဆလခေတ် တွင်သော်လည်းကောင်း၊ယခု နဝတ / နအဖခေတ်တွင်သော်လည်းကောင်း၊ ဗမာစစ်အစိုးရသည် တိုင်းရင်းသားပြည်သူလူထု အားလုံးနှင့် ပြည်နယ်အားလုံးအပေါ် စစ်အင်အားသုံး၍စစ်ရေးနည်းဖြင့်အပေါ်စီးယူထားခဲ့ပါသည်။ယင်းသို့အပေါ်စီးရထားမှုကိုအကြောင်းပြု၍ နအဖစစ်တပ်က အိမ်ရှင်အနေအထားကိုယူကာ တိုင်းရင်းသားလူမျိုးများအား အိမ်စေ အနေအထားဖြင့်တိုင်းပြည်အပေါ် ဖိနှိပ်အုပ်ချုပ်လာခဲ့သည်။ စစ်တပ်အာဏာပိုင်များကအိမ်ရှင်ဖြစ်ပြီး နိုင်ငံသားအားလုံးက အိမ်စေဖြစ်နေကြရသည်။ ဤသဘောတရားများဖြစ်ပေါ်ပုံဆောင်လာစေရန် အရာရာကို နအဖတို့ ရိုက်သွင်းနေပါသည်။ နအဖ၏ အမျိုးသားညီလာခံသည်လည်း အဆိုပါကွင်းဆက်ပုံစံဖော်ဆောင်နိုင်ရန် အချိန်ယူရေးဆွဲနေခြင်းဖြစ်သည်။

## အပေါ်စီးအနေအထားနှင့် စိတ်ကြိုက်ဖန်တီးနိုင်သည့် အခွင့်အလမ်း

စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေး၊ စစ်ရေးတို့တွင် နအဖ တို့ အပေါ်စီးရရှိထားသဖြင့် ၎င်းတို့အဖို့စိတ်ကြိုက်အခွင့်အလမ်းဖန်တီးရာတွင် ပို၍အခွင့်အရေးသာပါသည်။ ဤအခွင့်အရေးကိုအသုံးချ၍ နအဖသည် ရခိုင်နှင့် ရိုဟင်ဂျာကို သွေးခွဲနေပါသည်။ ရခိုင်သားများအဖို့ လူ့ဘဝတိုးတက်မှုအခွင့်အလမ်းလုံးဝမရှိစေဘဲ ဘဝအမှောင်ချထားလိုက်သည်။ ထိုအခြေအနေမျိုးတွင် ထောင်ပေါင်းများစွာသော တပ်ဖွဲ့ဝင်များအား ရခိုင်မြေပေါ်တွင် ကွက်လပ်မရှိအောင်နေရာချထားပြီး ရခိုင်လူမျိုးများအားဝါးမြိုပစ်နေပါသည်။ ရခိုင်တို့အပေါ် လူမျိုးမျိုး၍လူမျိုးပျောက်စေရန်ဖြစ်ပါသည် ရခိုင်၏အမွှာညီအကိုဖြစ်သော ရိုဟင်ဂျာတို့ကိုမူ သိန်းနှင့်ချီ၍ တဖက်နိုင်ငံသို့ အကြိမ်ကြိမ်မောင်းထုတ်နေပါသည်။ ၎င်းတို့၏လယ်မြေများနှင့် အိုးအိမ်များကို သိမ်းယူသည်။ အမျိုးသမီးများကို မုဒိမ်းကျင့်နေသည်။ သူတို့ပိုင်ရွှေငွေများကိုလုယူကြသည်။ ၎င်းတို့အားပစ်သတ်နှိပ်စက်ညှဉ်းပန်းသည်။ အေးချမ်းစွာအတူယှဉ်တွဲ နေထိုင်လာခဲ့ကြသော အမွှာညီအစ်ကိုများအဖို့ ဤပုံစံနှင့်ဘဝနိဂုံးချုပ်ကြရပါသည်။ သက်ဆိုင်ရာလူမျိုးနှင့်တိုင်းပြည်အပေါ် ထိုကဲ့သို့ စိတ်ကြိုက် ချေမှုန်းနိုင်ခြင်းသည် နအဖတို့အဘို့စစ်ရေးအရအပေါ်စီးရထားသောကြောင့်ဖြစ်သည်။




နအဖတို့စိတ်ကြိုက်ချေမှုန်းနှိပ်စက်၍ ကျေနပ်အားရသောအခါ ရခိုင်လူမျိုးနိုင်ငံရေးသမားအချို့အား ၎င်းတို့၏ ထီးကိုင်ဖိနပ်ကိုင်အလိုတော်ရိများအဖြစ်ကောက်ယူပြီး ရာထူးအခွင့်အလမ်းများပေးလိုက်သဖြင့် ပျော်ပျော်ပါးပါး နအဖနောက်လိုက်ဖြစ်သွားကြပါသည်။ ဤသို့သောနိုင်ငံရေးပုံစံကို ရခိုင်နှင့် ပတ်သက်သော ရခိုင်ပါတီအားလုံး မိမိတို့မဟာဗျူဟာရည်မှန်းချက်ချမှတ်ရေးအတွက် အထူးသိရှိထားရမည်ဖြစ်သည်။

## ကျွန်ုပ်တို့၏ သဘောထား နှင့် ယုံကြည်ချက်

နအဖကအိမ်စေအဖြစ်သဘောထားသမျှ ကာလပတ်လုံး ရွှေပေးသည်ဖြစ်စေ၊ ကျောက်မျက်ရတနာဆင်ယင်၍ချော့မြူသည် ဖြစ်စေ၊ ကောင်းကောင်းကျွေးမွေးထားသည်ဖြစ်စေ၊အိမ်စေဘဝကိုကျွန်ုပ်တို့ လုံးဝမလိုချင်ပေ။ အိမ်စေဘဝဖြင့် ရွှေအိမ်ရွှေနန်းပေါ် စံမြန်းရပါစေ ထိုဘဝကိုမခံမင်မတတ်မက်ပါ။ တဲအိုတွင်နေရပြီး ကန်စွန်းရွက်ကိုပင်စားနေရပါစေ လွတ်လပ်သူဘဝကို တန်ဖိုးထားရွေးခြယ်လိုပါသည်။ ကျွန်ုပ်တို့သည် လွတ်လပ်သည်အထိ နအဖကို တိုက်ခိုက်သွားရန်ဖြစ်ပါသည်။ လွတ်လပ်မှုသည်သာ ကျွန်ုပ်တို့၏မဟာဗျူဟာ ရည်မှန်းချက်ဖြစ်ပါသည်။ လွတ်လပ်မှုဘဝကို ကမ္ဘာပေါ်ရှိ မည်သည့်အရာနှင့်မျှ မလဲနိုင်ပေ။ အစားမထိုးလိုပေ။ ဤသည်မှာ ကျွန်ုပ်တို့၏ သဘောထားနှင့် ယုံကြည်ချက်ဖြစ်ပါသည်။

ကိုအာရ်တာနီ
(ခေတ္တတရုတ်နယ်စပ်)
၂၀၀၂ ခုနှစ် ဒီဇင်ဘာလ

# တိုင်းရင်းသားအရေး၊ မမေ့မှိန်တော့ပြီ

ဆွီဒင်နိုင်ငံမှ ချီးမြှင့်သည့် 2007 မာတင်လူသာကင်းဆု (MKL prize) ရရှိသူ တိုင်းရင်းသားလူမျိုးများကောင်စီ (ENC) အတွင်းရေးမှူး ဒေါက်တာဆလိုင်းလျဲန်မှုံးဆာခေါင်း၏ အောက်ပါ–နိုင်ငံရေးထင်မြင်ချက်၊ ရပ်တည်မှု၊ ရည်မှန်းချက်၊ လမ်းညွှန်မှုဆိုင်ရာ အဆိုအမိန့်အချို့ကို ကောက်နှုတ်လိုပါသည်။

- ဗမာအမျိုးသားရေး အခြေခံတိုင်းပြည်ထူထောင်မည့်အစား လူမျိုး၊ သာသနာ၊ ဘာသာစကားတိုင်းလက်တွေ့တန်းတူညီမျှသည့် နိုင်ငံထူထောင်ရန်။
- တပေါင်းတစည်းတည်း အမျိုးသားတရပ် ဖြစ်မြောက်ရေး ဦးတည်မည့် အစား ကွဲပြားခြားနားခွင့်ရှိသည့် ညီညွတ်ရေး ဖြစ်မြောက်ရန်။
- ဗဟိုချုပ်ကိုင်မှု တင်းကြပ်သည့်စနစ်အစား ဗဟိုချုပ်ကိုင်မှု လျှော့ပေါ့သော စနစ်ထွန်းကားရန်။
- တပြည်ထောင်ဆန်ဆန် လက်ရှိကွပ်ကဲထိန်းချုပ်မှုအစား ကိုယ်ပိုင်ပြဌာန်းခွင့်ရှိသည့်ဖယ်ဒရယ် ပြည်ထောင်စုစစ်စစ်ပေါ် ပေါက်ရန်။
- စစ်အစိုးရမှ လက်ကိုင်ကျင့်သုံးသော အကြမ်းဖက်ထိပ်တိုက်ရင်ဆိုင်မှုအစား၊ ကုလသမဂ္ဂ၏ 1994 သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးရေးလမ်းညွှန်တိုက်တွန်းချက် နိုင်ငံရေးပြဿနာဖြေရှင်းရန်။



ဤဆုသည် တရားမျှတမှု၊ ဒီမိုကရေစီ၊ လူ့အခွင့်အရေး၊ နိုင်ငံရေး တန်းတူမှု၊ ကိုယ်ပိုင်ပြဌာန်းခွင့်နှင့် ငြိမ်းချမ်းရေးတို့အတွက်တိုက်ပွဲဝင်နေကြသော Burma ပြည်သူတရပ်လုံးအားအသိအမှတ်ပြုခြင်းဖြစ်သည်။

စစ်အာဏာရှင် စနစ်အောက်တွင် တရားဥပဒေစိုးမိုးမှုအလျဉ်းမရှိတော့သဖြင့် တရားမျှတမှုကို ကျနော်တို့လိုလားခြင်းဖြစ်သည်။ ကျနော့်ရဲဘော် ရောင်းရင်း (SNLD ဥက္ကဌ) ခွန်ထွန်းဦး ထောင်ဒဏ် 96 နှစ်ချမှတ်ခံရခြင်းမှာ တရားမျှတမှုကင်းမဲ့ခြင်းပြရုပ်တရပ်ဖြစ်သည်။

15.1.2007 **ဆွီဒင်နိုင်ငံစတော့ဟုမ်းမြို့တွင် (MLK Prize) ဆုလက်ခံစဉ်ပြောကြားသောမိန့်ခွန်းကောက်နှုတ်ချက်။**

[သျှမ်းသံတော်ဆင့် S.H.A.N. မှဂုဏ်ယူဝမ်းမြောက်ကြောင်းမှတ်တမ်းတင်ပါ၏။]

## "သတ်ရဲတာသတ္တိလား၊ သေရဲတာသတ္တိလား"

သာသနာ့အရေးဖြို့ သေနတ်သမားစစ်အာဏာရှင်များ၏ဇာတိရုပ်လုံးမှန်ပေါ်လာရန် သံဃာတော်အသျှင်သူမြတ်များကို ပန်ကြားကြရပါမည်။ လူမသိ သူမသိ ရဟန်းသံဃာများကိုဖမ်းဆီး ထောင်ချ၊ ဇွတ်သင်္ကန်းချွတ်နှိပ်စက်နေသော စစ်အုပ်စုသည် လူပုံ အလည်တွင် သံဃာတော်များအားပစ်သတ်ရဲ၊ ရိုက်နှက်ဖမ်းဆီးရဲလျှင် ဘုရားတည် အလှူအတန်းလုပ် ကာ သာသနာပြုယောင်ဆောင်နေ သော ၄င်းတို့၏ သောနထိုမှုဆိုးအရေခြုံပေါ် စေရန် ဖြစ်သည်။ သို့သော်ပစ္စည်းလေးပါး ဒကာ၊ ဒကာမများအတွက်၊ သာသနာ အစွန့်ရှည်ရေးအတွက် မိမိတို့အသက်ကိုပေးလှူခြင်းသည် ရဟန်းသံဃာတော်များအဖို့ လုပ်ဆောင်နိုင်ပါသည်။ အဖိနှိပ်ခံပြည် သူများနှင့်အတူ သံဃာတော်များပါ ဒီမိုကရေစီအရေးတော်ပုံကြီးတွင် တတပ်တအားပါဝင်ကြရန် လိုပါသည်။

သို့မှသာ ပြည်သူတရပ်လုံး ရဲရဲတောက်သတ္တိသွေးနှင့် မိမိတို့အသက်ကိုရင်းပြီး အကြောက်တရားကင်းစွာဖြင့် စစ်အာဏာရှင်တို့အား ရင်ဆိုင်ခဲ့လျှင် ၄င်းတို့မလွဲမသွေ အာဏာစွန့်ကြရမည်ဖြစ်သည်။ ရာ၊ ထောင်၊ သောင်း မကသော ပြည်သူများ၏အသက်ကို စတေးခံရ မည်ဖြစ်သော်လည်း သန်းပေါင်းများစွာသော ပြည်သူတို့နှင့် နောင်လာလတ္တံ့သော မျိုးဆက်သစ်တို့သည် စစ်အာဏာရှင်တို့၏ အနှိပ်စက်ခံဘဝမှ လွတ်ငြိမ်းနိုင်မည်ဖြစ်သည်။ မြန်မာနိုင်ငံကို မျိုးဆက်တဆက်မျှ စိုးမိုးခြယ်လှယ်ခဲ့သည့် စစ်အာဏာရှင်အုပ်ချုပ်မှုလည်း နိဂုံးချုပ်သွားမည်ဖြစ်သတည်း။

ဒီမိုကရေစီ ဘက်တော်သားတစ်ဦး



Photo : SHAN





S.H.A.N. P.O.Box 15, Nong Hoi P.O., Chiangmai 50007, Thailand
e-mail: shan@cm.ksc.co.th www.shanland.org, www.mongloi.org